မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၂၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၁၂

၂၀၀၅ ခုနှစ် မေ ၁၂ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အစ္စရေးနိုင်ငံ သမ္မတ မိုရှေ ကတ်ဆက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၄/၂၀၀၅)
၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
(၂၀၀၅ခုနှစ်၊ မေလ ၁၁ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ်(ဃ)(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်–

“°(i) any person employed otherwise than by way of manual labour whose monthly wages exceed the amount prescribed by notification made by the Ministry of Labour with the approval of the Government: or°”

၃။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေတွင် ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ်(က)(၁)၌ပါရှိသော “Ks. 2,160 and Ks. 7,200”°ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(က)(၂)၌ပါရှိသော “two hundred kyats”°ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ စာမျက်နှာ ၃ ကော်လံ ၁ ■

ပြည်ပြေးစစ်ခမ်ဖတို့ လုပ်ရပ် မိုင်းနောင်လူထုက ထောက်ခံသယောင်ယောင်ပြောင်လိမ် မိုင်းနောင်မြို့နယ်မှာ သူတို့ပြောတဲ့ထောက်ခံပွဲဆိုတာ လုံးဝမလုပ်ခဲ့ မဟုတ်မမှန် လုပ်ကြံလာသူတွေကို ဒီအတိုင်းလျစ်လျူရှုထားလို့မဖြစ်

ပြည်သူ့သဘောထားဆန္ဒပြသပြီး မှားယွင်းတဲ့လုပ်ရပ် ရပ်တန်းကရပ်ဖို့ သတိပေး ရှမ်းပြည်နယ် ခွဲထွက်ရန်ကြေညာမှု မိုင်းနောင်လူထု လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်

ရန်ကုန် မေ ၁၁

ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၀ ရက် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဦးစိုင်းထောက်က “ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း” အဆိုကို အောက်ပါအတိုင်း တင်သွင်းသွားသည်။ (ဓါတ်ပုံ)

ပြည်ပြေးစစ်ခမ်ဖနဲ့အပေါင်းပါတစ်စုက အင်တာနက်ပေါ်မှာ သတင်းတွေ၊ ဓာတ်ပုံတွေတင်ပြီး မိုင်းနောင်မှ ဒေသခံပြည်သူတွေက သူတို့ရဲ့လုပ်ရပ်ကို ထောက်ခံသယောင် လုပ်ဆောင်လာတာဟာ တကယ့်လိမ်ဆင်သက်သက်ပဲ ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့တကွ မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများခင်ဗျား–

ကျွန်တော်ကတော့ မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဦးစိုင်းထောက်ဖြစ်ပါတယ်။ “ပြည်ပြေးစစ်ခမ်ဖနဲ့ အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း”အဆိုကို ဒီကနေ့ မိုင်းနောင်ဒေသမှာ ကျင်းပတဲ့ လူထုအစည်းအဝေးကြီးမှာ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီး မိန့်ကြားသွားတဲ့အတိုင်း ပြည်ပြေးအဖျက်သမားများဟာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမှုကို ဖျက်လိုဖျက်ဆီးလုပ်နေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ စာမျက်နှာ ၇ ကော်လံ ၃ ✡

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

12-5 (01).p65 1 3/27/05, 7:53 AM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၁၂ ရက်)

အဖျက်သမားတစ်စု၏ တိုင်းဆူပြည်ဖျက်လုပ်ရပ် ဆန့်ကျင်ရှုတ်ချ တားဆီးတိုက်ဖျက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ရှေးပဝေသဏီကတည်းက အမျိုးကိုစောင့်ရှောက်သည့် ဝံသာနုရက္ခိတတရား ကိုယ်စီကိုင်စွဲပြီး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် အတူယှဉ်တွဲ နေထိုင်ခဲ့ကြသည်။

ပြည်ထောင်စုဖွားတိုင်းရင်းသားများ ချစ်ကြည်စွာလက်တွဲပြီး ကာကွယ်စောင့်ရှောက် တည်ဆောက်ခဲ့ကြသည့် ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲနေစေရန် တိုင်းရင်းသားအားလုံးက သန္နိဋ္ဌာန်ချခဲ့ကြပြီး ဖြစ်သည်။

ပြည်ထောင်စုကြီး ခိုင်ခံ့တည်မြဲစေလိုသည့် စိတ်ဓာတ်၊ တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်ပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းလုံခြုံစေလိုသည့် စိတ်ဓာတ်၊ ပြည်ထောင်စုကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေစေလိုသည့် စိတ်ဓာတ်များကို လွှမ်းခြုံစုစည်းလိုက်ပါက မြန်မာတိုင်းရင်းသားများ၏ ဝိသေသလက္ခဏာဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ဖြစ်တည်လာခြင်း ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီမွေးမြူပျိုးထောင်ထားရှိပြီးဖြစ်သည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ပြည်ထောင်စုကြီး၏ ကောင်းရာကောင်းကျိုးကိုသာ အမြဲဦးတည်ရှေးရှု ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ် ခေါက်ခန်းနေသည့် အမျိုးသား သစ္စာဖောက်များသည် ပြည်ထောင်စုကြီး ဖရိုဖရဲနှင့် ပြိုကွဲသွားစေရန် အစဉ်အမြဲကြံစည် လုပ်ဆောင်လေ့ရှိကြသည်။

ယခုအခါ ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုသည် ဧပြီလ ၁၇ရက်နေ့က ကြေညာချက်ထုတ်ပြီး ရှမ်းပြည်နယ်ကို ပြည်ထောင်စုထဲမှ ဖဲ့ထုတ်ရန် လုပ်ကြံလာသည်ကို တွေ့ရှိရသည်။

ပြည်ပြေးစဝ်ခမ်ဖတို့အုပ်စုသည် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထု၏ ဆန္ဒသဘောထားမပါဘဲ ရှမ်းပြည်နယ်ကို သီးခြားရှမ်းသမ္မတနိုင်ငံ တည်ထောင်မည်ဟု ကြေညာခဲ့သည်။

ဤသည်မှာ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာဖောက်ရုံမျှမက စည်းလုံးညီညွတ်မှု၊ လုံခြုံတည်ငြိမ်မှု၊ လွတ်လပ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်း၊ အလားအလာကောင်းများနှင့် ဝေဆာနေသော ပြည်ထောင်စုကြီးကို ဖြိုခွဲရန် ကြံစည်သည့် အဆိုးမြင်ဝါဒီများ၏ လုပ်ရပ်သာဖြစ်ပေသည်။

ပြည်ပြေးအကြမ်းဖက်အဖျက်သမားများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို နယ်ချဲ့အလိုကျ ဖြိုချဖျက်ဆီးရန်၊ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများကို မိုင်းထောင်၊ ဗုံးခွဲ၊ ချောင်းမြောင်းပစ်ခတ်၊ ရွာမီးရှို့၊ ဆက်ကြေးတောင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများကို ဖျက်ဆီးနှောင့်ယှက်၊ အမျိုးသမီးများကိုစော်ကားစသည့်အဖျက်လုပ်ရပ်၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ရန်အမြဲတစေ ကြံစည်လုပ်ဆောင်နေကြသည်ကို တွေ့မြင်နေရသည်။

ပြည်ပြေးစဝ်ခမ်ဖတို့အဖွဲ့က မလုပ်သင့်မလုပ်အပ်သည်များ လုပ်နေချိန်တွင် ၎င်းတို့နှင့် တစ်ဂိုဏ်းတည်းဖြစ်သည့် အကြမ်းဖက်အဖျက်သမား ကေအင်န်ယူ ဘိန်းဓားပြရွက်ဆစ်ဦးစီးသည့် အက်စ်ယူအာရ်အေ တစ်ဖြစ်လဲ အက်စ်အက်စ်အေ၊ သစ်မှောင်ခိုသောင်းကျန်းသူ ကေအင်န်ပီပီ၊ ပြည်ပြေးစိန်ဝင်း၏ အင်န်စီဂျီယူဘီ နောက်လိုက်အကြမ်းဖက်သမားများက တိုင်းရင်းသားပြည်သူများကို ရဲရဲရင်မဆိုင်ရဲဘဲ အလစ်အငိုက်တွင် ဗုံးဖောက်ခွဲ၊ ပစ်ခတ်တိုက်ခိုက်၊ သတ်ဖြတ်သည့် လုပ်ရပ်များ လုပ်ပြနေကြသည်။

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေလ ၁၀ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့ရှိ မြို့မပြည်သူ့အားကစားကွင်း၌ကျင်းပရာ ဒေသခံတိုင်းရင်းသားပြည်သူ ၅၂၀၀တို့ တစ်ခဲနက်တက်ရောက်၍ **"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုပြုထောက်ခံဆွေးနွေးသွားခဲ့ကြသည်။

အကြမ်းဖက်အဖျက်သမားများသည် ပြည်သူလူထု၏ အသက်ကိုဖျက်ဆီး၊ ပြည်ထောင်စုကြီးကိုဖြိုခွဲ၊ မစားရသည့်အမဲ သဲဖြင့်ပက်သကဲ့သို့ အမြဲတစေ လုပ်ကြံနေကြဦးမည်သာ ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်ပဩဇာခံ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါအဖျက်သမားတစ်စု၏ တိုင်းဆူပြည်ဖျက်လုပ်ရပ်အား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လုံးဝလက်မခံဘဲ ဆန့်ကျင်ရှုတ်ချ တားဆီးတိုက်ဖျက်သွားမည်သာ ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူးယစ်ဆေးဖြတ်သူများ ပြန်လည်ထူထောင်ရေးဌာန ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဖွင့်လှစ်မည်

ဖနောင်ပင် မေ ၁၀

ဖနောင်ပင်မြူနီစီပယ်နှင့် ကမ္ဘောဒီးယား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့က ဖနောင်ပင်မြို့ ရက်ဆေးကီယိုဒေသ၌ ပြန်လည်ထူထောင်ရေးဌာနတစ်ခုကို ဖွင့်လှစ်ရန်စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာမီဒီယာက ကြာသပတေးနေ့တွင် ဖော်ပြသည်။

အဆိုပါ ပြန်လည်ထူထောင်ရေးဌာနသစ်ကို ဆေးစွဲနေသူများနှင့် ဆေးသုံးစွဲနေသူများ ဆေးဖြတ်ရန် အသုံးပြုမည်ဖြစ်ကြောင်း မြူနီစီပယ် ဒုတိယအုပ်ချုပ်ရေးမှူးမမ်ဘန်နီယမ်၏ ပြောကြားချက်ကို ကမ္ဘောဒီးယား နေ့စဉ်သတင်းစာက ကိုးကားဖော်ပြသည်။

ပါဝင်မည်

အဆိုပါ ပြန်လည်ထူထောင်ရေးဌာနကို မြေအကျယ်နှစ်ဟက်တာပေါ်တွင် တည်ဆောက်မည်ဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ခင်းဥယျာဉ်များနှင့် လေ့ကျင့်ရေးနေရာများပါဝင်မည်ဖြစ်ကြောင်း မမ်ဘန်နီယမ်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံဖနောင်ပင်မြို့၌ မူးယစ်ဆေးဝါးဆေးစွဲသူ ၁၀၀၀ ကျော်ရှိပြီး တစ်နိုင်ငံလုံးတွင် ၅၀၀၀ ကျော် ရှိမည်ဖြစ်ကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အမျိုးသားအာဏာပိုင်အဖွဲ့ ဒုတိယအတွင်းရေးမှူးချုပ် လောရာမန်က ခန့်မှန်းပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နှစ်နိုင်ငံကိစ္စရပ်များ ဆွေးနွေးဖြေရှင်းရန် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့ သဘောတူညီ

ဒါကာ မေ ၁၀

အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ဆွေးနွေးခြင်းဖြင့် နှစ်နိုင်ငံပြဿနာရပ်များကို ဖြေရှင်းသွားရန် သဘောတူကြသည့်ပြင် ထူးခြားသော ကိစ္စရပ်များကို ဖြေရှင်းရန်အတွက် နည်းလမ်းများရှာရန် ရှေ့လထဲတွင် နှစ်နိုင်ငံနိုင်ငံခြားရေးအတွင်းဝန်များ တွေ့ဆုံကြမည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး မော်ရှက်ဒ်ခန်က ပြောကြားသည်။

ပြောကြား

ဆွေးနွေးခြင်းဖြင့် ပြဿနာများကို ဖြေရှင်းသွားရန် နှစ်ဖက်စလုံးက ဆုံးဖြတ်ခဲ့ကြသည်ဟု မေ ၅ရက်က ပြုလုပ်သော နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးအပြီးတွင် ဝန်ကြီးခန်က ပြောကြားသည်။

အိန္ဒိယနိုင်ငံနှင့် မဖြေရှင်းနိုင်သော ကိစ္စရပ်များနှင့် နယ်စပ်ပြဿနာကို မိမိတို့ဆွေးနွေးခဲ့ကြကြောင်း၊ သို့ရာတွင် အစည်းအဝေး၌ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စကို အလေးထားဆွေးနွေးခဲ့ကြောင်း ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်

ဗင်နီဇွဲလားတွင် တောင်ကိုရီးယားခရီးသွားများအား ရက် ၉၀ ဗီဇာကင်းလွတ်ခွင့်ပြုမည်

ဆိုးလ် မေ ၁၀

ဗင်နီဇွဲလားနိုင်ငံသို့ အလည်အပတ်လာရောက်မည့် တောင်ကိုရီးယား ခရီးသွားဧည့်သည်များအတွက် ဗင်နီဇွဲလားအစိုးရက ဗီဇာကင်းလွတ်ခွင့်ပြုပေးမည်ဖြစ်ကြောင်း ဗင်နီဇွဲလားနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက မေ ၇ ရက်တွင် ပြောကြားလိုက်သည်။

နေထိုင်ခွင့်ပေးမည်

ဗင်နီဇွဲလားနိုင်ငံသို့ လာရောက်မည့်တောင်ကိုရီးယားခရီးသွားများအတွက် ရက် ၉၀ ဗီဇာမဲ့ နေထိုင်ခွင့်ပေးမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ဗီဇာကင်းလွတ်ခွင့်ပေးမှုကို ပြီးခဲ့သည့် ဧပြီ ၁၈ရက်မှ စတင်ခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားချက်ကို ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

အထိမ်းအမှတ်

ယင်းကဲ့သို့ ဗင်နီဇွဲလားအစိုးရက ဗီဇာကင်းလွတ်ခွင့်ပြုမှုမှာ တောင်ကိုရီးယားနှင့် ဗင်နီဇွဲလားနှစ်နိုင်ငံတို့ သံတမန်ဆက်ဆံရေး နှစ်(၄၀)ပြည့်အထိမ်းအမှတ်အတွက်ဖြစ်ကြောင်း၊ တောင်ကိုရီးယားနှင့်ဗင်နီဇွဲလား နှစ်နိုင်ငံတို့သည် ပြီးခဲ့သည့် ဧပြီ ၂၉ရက်က နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု နှစ်(၄၀)ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

သဘာဝဓာတ်မြေဩဇာအသုံးပြုမှု ထိုင်းလယ်သမားများအား လက်တွေ့ပြသ

ဗန်ကောက် မေ ၁၀

ထိုင်းအစိုးရသည် သဘာဝဓာတ်မြေဩဇာအသုံးပြုမှု မြှင့်တင်ရန်အတွက် လယ်သမားမိသားစု လေးသိန်းအား ပညာပေးရန် လက်တွေ့အသုံးပြုမှုနည်းများကို သရုပ်ပြသခဲ့သည်။

ယင်းသရုပ်ပြသမှုအစီအစဉ်ကို လယ်သမားမိသားစုဝင်လေးသိန်းခန့်က လာရောက် ကြည့်ရှုလေ့လာကြမည်ဖြစ်သကဲ့သို့ လယ်သမားများအနေဖြင့် ဓာတုဗေဒဓာတ်မြေဩဇာသုံးစွဲမှု လျှော့ပါးရန်နှင့် မြေယာပြုပြင်မှု ကုန်ကျစရိတ်သက်သာစေရန်တို့အတွက် သဘာဝဓာတ်မြေဩဇာပညာရှင်များ၊ အစိုးရတာဝန်ရှိသူများက သင်တန်းပေးပြသမည်ဖြစ်သည်။ ထိုင်းအစိုးရသည် လာမည့်နှစ်တွင်သဘာဝဓာတ်မြေဩဇာစက်ရုံများ တည်ဆောက်ရေးအတွက် ထိုင်းဘတ်ငွေ သုံးသန်းမှ ငါးသန်း(အမေရိကန် ဒေါ်လာ၇၇၀၀၀မှ ၁၃၀၀၀၀)သုံးစွဲမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး ဆူဒါရက်က ပြောကြားသည်။ လာမည့်ငါးနှစ်အတွင်း ထိုင်းအစိုးရသည် ဓာတုဗေဒဓာတ်မြေဩဇာအသုံး ပြုမှု ၅၀ရာခိုင်နှုန်းလျှော့ချနိုင်ကာ အမေရိကန်ဒေါ်လာ၅၁၂သန်း ကာမိစေလိမ့်မည်ဖြစ်ကြောင်း ထိုင်းနယူးအေဂျင်စီက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်

■ ရှေ့ဖုံးမှ

ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)(၁)၌ပါရှိသော "Ks. 3,024 and Ks. 10,080"ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ်(ခ)(၂)၌ပါရှိသော "twelve hundred kyats" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(၁)၏ ခြွင်းချက်၌ပါရှိသော "one hundred kyats"ဆိုသည့် စကားရပ်ကိုလည်းကောင်း "the amount of compensation prescribed by notification made by the Ministry of Labour with the approval of the Government"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(ဃ)(၂)၌ပါရှိသော "subject to a maximum of thirty kyats" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(၂)၌ ပါရှိသော "ten kyats"ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(၄)၌ ပါရှိသော "twenty-five kyats" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(၁)၏ ပထမခြွင်းချက်၌ ပါရှိသော "three hundred kyats" ဆိုသည့် စကားရပ်ကိုလည်းကောင်း "the amount of money prescribed by notification made by the Ministry of Labour with the approval of the Government"ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၆။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေ ပုဒ်မ ၁၈–က၊ ပုဒ်မခွဲ(၁)၌ပါရှိသော "shall be punishable with fine which may extend to one hundred kyats"ဆိုသည့် စကားရပ်ကို "shall be punishable with fine which may extend to kyats 10,000"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ)သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၁၂

၂၀၀၅ခုနှစ် မေ ၁၂ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အစ္စရေးနိုင်ငံ ဝန်ကြီးချုပ်ရှရွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၁၀) မင်္ဂလာဒုံမြို့နယ် အမှတ်(၁)လမ်းမကြီး၌ ဖွင့်လှစ်

ရန်ကုန် မေ ၁၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၁၀) ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၇နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရွာ အမှတ်(၁) လမ်းမကြီးပေါ်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၁)စစ်ဒေသမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ညွှန်ကြားရေးမှူး ဦးမြင့်ဌေးက မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရွာ အမှတ်(၁)လမ်းမကြီးပေါ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၁၀) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (စွမ်းအင်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်တို့က မော်တော်ယာဉ်သုံး သဘာဝ ဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးမြင့်ဌေးက လိုက်လံ ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဧည့်သည်တော်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည့်ဝန်းတော့မည် ပုဏ္ဏမီ

* မိုးပေါ်ကို ကြည့်စမ်းခု
ပြည့်ဝန်းလု လစန္ဒာ။

* ညဉ့်အမှောင်ပယ်ကာခွင်း
လင်းတဲ့ရောင်ဝါ။

* အေးမြတဲ့ သူ့မေတ္တာ
ဖြန့်ဝေကာ စေတနာထား။

* မပြည့်ခင် သည်မျှစွမ်းလျှင်ဖြင့်
ပြည့်ဝန်းသော် ဖော်မပြောနိုင်ဘု
ပျော်မောဖွယ် တကယ်တိုးလို့
သွန်းဖြိုးရှာ မေတ္တာမိုးတွေနဲ့
ပြည်ကျိုးကို သူဖြည့်စွမ်းနိုင်လိမ့်
(စန္ဒာရေ)
ပြည့်ဝန်းစေသား။ ။

(လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့ကြသော ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ PSLA နှင့် ရှမ်းပြည်အမျိုးသား တပ်မတော် SSNA တပ်မဟာ (၁၁) ဦးကန်န တို့အဖွဲ့အား ရည်ညွှန်းလျက်–)

မင်းရွှေမင်း ိ (အင်းစိန်)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၁၁

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့)ရန်ကင်းပညာရေးကောလိပ်၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မေ ၂၁ရက်(စနေနေ့)နံနက် ၈နာရီတွင် ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က–ပ)**

မြန်မာကိုယ်စားလှယ်အဖွဲ့ရောက်ရှိ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဝန်ကြီးအဆင့်အစည်းအဝေးတက်ရောက်ခဲ့

ရန်ကုန် မေ ၁၁

မလေးရှားနိုင်ငံ ပူထရာဂျာမြို့၌ မေ ၇ရက်မှ ၁၀ရက်အထိ ကျင်းပခဲ့သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး(Non-Aligned Movement (NAM) Ministerial Meeting on the advancement of Women) တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်း၊ အတွင်းရေးမှူး အဖွဲ့ဝင်ဒေါ်ထူးရော်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းနှင့်အတူ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြင့်သိန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ထားမေတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား

၁၂–၅–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အကပဒေသာ
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ ဗိုလ်မြတ်ထွန်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၁၇:၀၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၇။ **"အလျော်အစား"** ဇင်ဝိုင်း၊ငွေဇင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ–ကျော်ဇောလင်း)
၁၇:၄၅ ၈။ တေးဂီတအစီအစဉ်
၁၈:၀၀ ၉။ နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၁၅ ၁၀။ မှုဟန်သွယ်သွယ် ဆိုကြမယ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း–၂၉)
၁၉:၃၅ ၁၄။ တေးဂီတအစီအစဉ်
၁၉:၄၅ ၁၅။ မြန်မာ့ရိုးရာခြင်းလုံးအားကစား
၁၉:၅၅ ၁၆။ "ထလော့မြန်မာ"
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာရုပ်ရှင် **"အတွေ့"** (အပိုင်း–၁) ကျော်သူ၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ပန်းဖြူ (ဒါရိုက်တာ–ကျော်သူ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲအခမ်းအနား ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပ
ပြည်နယ်နှင့်တိုင်း အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေး တင်ပြ

ရန်ကုန် မေ ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မေ ၇ ရက် နံနက် ၇ နာရီ၄၅မိနစ်တွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော်အနီးရှိ အောင်မင်္ဂလာခန်းမ၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲ အခမ်းအနားတွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသီးသီးမှ လူငယ်ကိုယ်စားလှယ်များက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြ

ပဲခူး တိုင်း (အနောက်) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်ဖြိုး မောင် မောင်ကျော်က ဆွေးနွေး တင်ပြစဉ်။

(သတင်းစဉ်)

အစီအစဉ်အရ ပဲခူးတိုင်း(အနောက်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်ဖြိုးမောင်မောင်ကျော်က ဆွေးနွေးတင်ပြရာတွင် မိမိအနေဖြင့် ပဲခူးတိုင်း၏ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်တင်ပြသွားမှာဖြစ်ပါကြောင်း၊ ပဲခူးတိုင်း၏ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ကျွဲ၊နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ စသည့် တိရစ္ဆာန်ကောင်ရေ သိန်း ၄၀ ကျော် တိုးမြှင့်မွေးမြူနိုင်ခဲ့ပါကြောင်း၊ ယခင်က ငါးမွေးကန် ၂၅၂၀ ဒသမ ၉၄ ဧကသာရှိခဲ့ပြီး ယခုအခါ ၁၇၃၄၁ ဒသမ ၁၈ဧက အထိရှိလာပြီဖြစ်သည့်အတွက် ၁၄၈၂၀ ဒသမ ၂၄ ဧက တိုးတက်လာခဲ့ပါကြောင်း၊ စပါး၊ငါး တွဲဖက်စိုက်ပျိုးမှုနှင့် ပုစွန်မွေးမြူရေး လုပ်ငန်းများ ယခင်ကမရှိခဲ့သော်လည်း ယခုအခါ စပါး၊ငါး တွဲဖက် ၂၆၈၇ ဧကနှင့် ပုစွန်မွေးမြူရေး ၁၈၃ ဒသမ ၅၀ ဧက တိုးမြှင့်မွေးမြူနိုင်ခဲ့ပါကြောင်း၊ ယခုအခါ ဧရာဝတီမြစ်ထဲသို့ ငါးမျိုးစုံကောင်ရေသိန်း ၁၀၀ ကျော်စိုက်ထည့်ပေးပြီးဖြစ်ပါကြောင်း။

တည်ဆောက်ပြီး ဇောင်းတူရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀ ထုတ်လုပ်လျက်ရှိ

တိုးမြှင့်ခန့်ထား

ဆက်လက်၍ ကျန်းမာရေးကဏ္ဍကိုတင်ပြရမည်ဆိုလျှင် ခုတင်(၂၀၀)ဆံ့ ဆေးရုံ နှစ်ရုံ၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံ နှစ်ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ ၁၇ရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံလေးရုံ၊ တိုက်နယ် ဆေးရုံ ၅၂ရုံ ရှိလာပြီဖြစ်သည့်အတွက် ယခင်ကထက် ဆေးရုံ ၂၅ရုံ တိုးတက်ခဲ့ပါကြောင်း၊ ကျန်းမာရေးဌာနအနေဖြင့် ယခင်က ၁၉၉ခုသာရှိခဲ့ပြီး ယခုအခါ ၂၁၅ခု ဖြစ်လာသည့်အတွက် ၁၆ခု တိုးတက်လာခဲ့ပြီး တိုင်းရင်းဆေးရုံတစ်ရုံနှင့် ဆေးပေးခန်း ၂၆ ခန်းအထိ တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန် ၃၉၉ဦးအပါအဝင် ကျန်းမာရေးဝန်ထမ်း ၂၅၄၅ဦး တိုးမြှင့်ခန့်ထားပေးပြီးဖြစ်ပါကြောင်း၊ ယခင်က မရှိခဲ့သော သူနာပြုသင်တန်းကျောင်း နှစ်ကျောင်းကိုလည်း ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ပါကြောင်း။

ပဲခူးတိုင်းအတွင်း၌ မူလတန်းလွန်ကျောင်း ၅၇၈ကျောင်း၊ အလယ်တန်းကျောင်း ၁၁၉ကျောင်း၊ အထက်တန်းကျောင်း ၁၃၂ကျောင်း အသီးသီး တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဝိဇ္ဇာ သိပ္ပံတက္ကသိုလ် ယခင်ကမရှိခဲ့သော်လည်း ယခုအခါ နှစ်ခုရှိလာခဲ့ပြီး ဒီဂရီကောလိပ်တစ်ခုကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ e-Learning Centre များ ယခင်ကမရှိခဲ့သော်လည်း ယခုအခါ ၅၀ ခုနှင့် လူ့စွမ်းအားဖွံ့ဖြိုးမှုဌာန သုံးခုတို့ကို တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ပြည်မြို့၌ နည်းပညာတက္ကသိုလ်တစ်ခုဖွင့်လှစ်သင်ကြားနိုင်ခဲ့ပါကြောင်း၊ ထို့အတူ တောင်ငူမြို့နှင့် ပြည်မြို့များတွင် နည်းပညာကောလိပ်တစ်ခုစီနှင့် ကွန်ပျူတာကောလိပ်တစ်ခုစီတို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ကျေးလက်တယ်လီဖုန်းအိတ်ချိန်း

ဆက်သွယ်ရေးကဏ္ဍတိုးတက်မှုများကို တင်ပြရမည်ဆိုလျှင် ယခင်က စာတိုက်စခန်း ၁၁၅ခု ရှိရာမှ ယခုအခါ ၁၂၃ ခုရှိလာပြီး စာတိုက်စခန်း ရှစ်ခု တိုးတက်လာခဲ့ပါကြောင်း၊ ကြေးနန်းရုံးအနေဖြင့် ယခင်က ၃၃ ခုရှိရာမှ ယခုအခါ ၄၁ ခုရှိလာပြီး ရှစ်ခုတိုးတက်လာခဲ့ပါကြောင်း၊ ဖက်စ်မီလီအနေဖြင့် ယခင်က နှစ်ခုသာရှိခဲ့ပြီး ယခုအခါ ၇၂ခုအထိရှိလာပြီ ဖြစ်သဖြင့် ၇၀ခု တိုးတက်လာခဲ့ပါကြောင်း၊ ယခင်က ကွန်ပျူတာကြေးနန်းမရှိသော်လည်း ယခုအခါ ရှစ်ခုရှိလာပြီဖြစ်ပါကြောင်း၊ တယ်လီဖုန်းလုပ်ငန်းအနေဖြင့် တယ်လီဖုန်းရုံး ၇၂ ရုံး၊ လိုင်းအင်အား ၂၁၉၁၈ လိုင်း၊ အိတ်ချိန်း ၄၀ ခု၊ တိုက်ရိုက်လိုင်း ၁၈၇၄၆ လိုင်း၊ မိုက္ကရိုဝေ့ဗ်စခန်း ခြောက်ခု အသီးသီးတိုးတက်လာခဲ့ပြီဖြစ်ပါကြောင်း၊ ယခင်က ကျေးလက် တယ်လီဖုန်းအိတ်ချိန်းမရှိခဲ့သော်လည်း ယခုအခါ ၃၂ ခုအထိလည်းကောင်း၊ e-Mail, Internet များ ယခင်ကမရှိခဲ့သော်လည်း ယခုအခါ သုံးခုအထိလည်းကောင်း တိုးတက်လာခဲ့ပါကြောင်း။

ယခင်က စက်မှုဇုန် မရှိခဲ့သော်လည်း ယခုအခါစက်မှုဇုန်တစ်ခုရှိလာပြီး လုပ်ငန်းပေါင်း ၁၆၆ ခုတိုးတက်လုပ်ကိုင်ခဲ့ကာ ရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၅၀၇ ဒသမ၇၄ သန်းဖြင့် လည်ပတ်လျက်ရှိပါကြောင်း၊ စက်မှုလက်မှုကဏ္ဍ၌ ပုဂ္ဂလိကပါဝင်မှု အချိုးအစား မြင့်မားတိုးတက်လျက်ရှိရာ ယခုအခါ စက်ရုံပေါင်း ၄၇၀၉ ရုံ ရှိလာပြီဖြစ်သည့်အတွက် စုစုပေါင်း စက်ရုံ ၂၉၈၀ ရုံ တိုးတက်လာခဲ့ပြီဖြစ်ပါကြောင်း၊အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ယခင်ကမရှိခဲ့သော်လည်း ယခုအခါ ၄၈၄ ခု အထိ ရှိလာပြီး နိုင်ငံပိုင်စက်ရုံ ၁၀၆ရုံဖြင့် ကုန်ထုတ်ပေး လျက်ရှိပါကြောင်း။

အကျိုးပြုနိုင်မည်

ဆက်လက်၍ပဲခူးတိုင်း၏လျှပ်စစ်စွမ်းအားကဏ္ဍကို တင်ပြရမည်ဆိုလျှင် ယခုအခါတည်ဆောက်ပြီး ရေအားလျှပ်စစ် စက်ရုံတစ်ရုံ၊တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ငါးခုအထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ယခင်က ဒီဇယ်သုံးစက်ရုံ၂၁ခုရှိရာမှ ယခုအခါ စက်ရုံ ၁၆ခုအထိ လျှော့ချနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ရေအားလျှပ်စစ်စီမံကိန်းများအနေဖြင့် တည်ဆောက်ပြီး ဇောင်းတူရေအားလျှပ်စစ် စက်ရုံမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀ ထုတ်လုပ်ပြီး အထောက်အကူပြုလျက်ရှိပါကြောင်း၊ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သည့် ရွှေကျင်စီမံကိန်းမှ ၇၅မဂ္ဂါဝပ်၊ ကွန်းချောင်းစီမံကိန်းမှ မဂ္ဂါဝပ်၆၀၊ ဖြူးချောင်းစီမံကိန်းမှ မဂ္ဂါဝပ်၄၀၊ ခပေါင်းစီမံကိန်းမှ မဂ္ဂါဝပ် ၃၀၊ ရဲနွယ်စီမံကိန်းမှ ၂၅ မဂ္ဂါဝပ် အသီးသီးထုတ်လုပ်ပေးနိုင်ပြီဖြစ်ပြီး ၎င်းစီမံကိန်းကြီး ငါးခုပြီးစီးပါက စုစုပေါင်းမဂ္ဂါဝပ်၂၃၀အထိ တိုးချဲ့ထုတ်လွှတ်၍ အကျိုးပြုနိုင်တော့မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုအနေဖြင့် ယခင်က ယူနစ် ၁၉၆ ဒသမ ၈၂၉ သန်းသာ သုံးစွဲခဲ့သော်လည်း ယခုအခါယူနစ် ၃၀၀ ဒသမ ၇၉၉သန်းအထိ သုံးစွဲလာသောကြောင့် ဓာတ်အားတိုးတက်သုံးစွဲမှုအနေဖြင့် ယူနစ် ၁၀၃ဒသမ၉၇၀သန်း သုံးစွဲခဲ့ပါကြောင်း။

မမိုတ်မသုန်ဦးထိပ်ပန်ဆင်

နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် နိုင်ငံတော်အစိုးရက ယခုကဲ့သို့အဘက်ဘက်မှ တိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ မိမိတို့ ပဲခူးတိုင်း (အနောက်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့်လည်း အသင်းကြီး၏ရှေ့လုပ်ငန်းစဉ် ဖြစ်သည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ကျေးလက်ပညာရည်မြင့်မားရေးလုပ်ငန်းများ၊ ကျေးလက်ကျန်းမာရေးလုပ်ငန်းများ၊ကျေးလက်စီးပွားရေး၊ ကျေးလက်မီးလင်းရေးလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက် ပါဝင် ဆောင်ရွက်လျက်ရှိပြီး ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ်ကို မမိုတ်မသုန် ဦးထိပ်ပန်ဆင်သွားမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

မကွေးတိုင်း

ထို့နောက် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ မောင်ရန်နိုင်စိုးက ဆွေးနွေးတင်ပြရာတွင် မိမိအနေနှင့် မကွေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို တင်ပြသွားမှာဖြစ်ပါကြောင်း။

စိုက်ပျိုးမြေဧရိယာဧကော တိုးတက် စိုက်ပျိုးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏စီးပွားရေးအရ အားထားရသည့်တိုင်းအဖြစ် ရပ်တည်နိုင်

ဆွေးနွေး တင်ပြ

မကွေး တိုင်း ပြည် ထောင် စု ကြံ့ ခိုင် ရေး နှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်ရန်နိုင်စိုးက ဆွေးနွေး တင်ပြ စဉ်။

(သတင်းစဉ်)

မိမိတို့မကွေးတိုင်းသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၇၃၀၆ကျယ်ဝန်းပါကြောင်း၊ ဗမာ၊ချင်း၊ ရခိုင်၊ ကရင်၊ ရှမ်းစသည့် တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်ပြီး လက်ရှိ လူဦးရေ ၅၁သိန်းကျော်ရှိ၍ ပျမ်းမျှလူဦးရေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၂၉၆ ဦး ဖြစ်ပါကြောင်း။

မကွေးတိုင်း၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆည်မြောင်းတာတမံပေါင်း ၄၉ခုနှင့် မြစ်ရေတင်လုပ်ငန်း ၅၁ခုတို့ကို တည်ဆောက်နိုင်ခဲ့၍ စိုက်ပျိုးမြေဧရိယာဧကပေါင်း နှစ်သန်း ခုနစ်သိန်း ခုနစ်သောင်း လေးထောင်ခုနစ်ရာ ခုနစ်ဆယ်အထိ တိုးတက် စိုက်ပျိုးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏စီးပွားရေးအရ အားထားရသည့် တိုင်းဒေသကြီးတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ပါကြောင်း။

အကောင်အထည်ဖော်

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင်ဖွင့်လှစ်ခဲ့သော မုန်းချောင်းရေလှောင်တမံသည် မကွေးတိုင်း၏ ၃၃ ခုမြောက် ဖွင့်လှစ်ပေးလိုက်သည့် စီမံကိန်းဖြစ်ပြီး ရေအားလျှပ်စစ် ၇၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ပွင့်ဖြူ၊ ကံမ၊ ဂန့်ဂေါနှင့် စေတုတ္တရာတို့တွင် တည်ဆောက်ပေးနေသည့် ရေလှောင်တမံလေးခုက ဧရိယာ ၂၂၀၀၀ ကျော်ကို အကျိုးပြုသွားမည်ဖြစ်ပါကြောင်း၊ မြဲခဲတောင်ရေလှောင်တမံနှင့် ယောချောင်းရေလွှဲဆည်တို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

စိုက်ပျိုးရေးစွမ်းအား မြင့်မားတိုးတက်လာပြီး ယခင်ဒေသဝမ်းစာစပါးဖူလုံမှု ၅၀ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါ ၇၁ရာခိုင်နှုန်းအထိမြင့်တက်လာပါကြောင်း။

ယခင် တိရစ္ဆာန်ကောင်ရေ ၇၂ သိန်းကျော် မွေးမြူနိုင်ခဲ့ရာမှ ယခုကောင်ရေ ၁၀၆သိန်းနီးပါး မွေးမြူနိုင်ခဲ့ပါကြောင်း၊ ဧရာဝတီမြစ်ထဲသို့လည်း ငါးမျိုးသားပေါက်ကောင်ရေ ၄၇၅သိန်းကျော် မျိုးထည့်ထားပြီးဖြစ်ပါကြောင်း။

တိုးတက်ပြောင်းလဲ

သစ်တောပြုစု ပျိုးထောင်မှုတွင် ကျွန်းအထူးစိုက်ခင်းဧက ၂၄၀၀နှင့် သစ်ဆိမ့်ပင်စိုက်ခင်းဧက ၅၀၀ စိုက်ပျိုးထားရှိပြီး အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအောင်မြင်မှုကြောင့် မိုးလေဝသမှန်ကန်ပြီး ရာသီဥတု သိသိသာသာ တိုးတက်ပြောင်းလဲခဲ့ပါကြောင်း။

တပ်မတော်အစိုးရ လက်ထက်တွင် မကွေးတိုင်းအတွင်း ကတ္တရာလမ်း ၉၈၅မိုင် ၆ဖာလုံအပါအဝင် လမ်းမိုင် ၁၇၄၂မိုင် ၅ဖာလုံအထိ တိုးမြှင့်ဖောက်လုပ်ပေးခဲ့ပါကြောင်း။

မကွေးတိုင်းအတွင်း နိုင်ငံတော်က ပေ ၁၈၀အထက် တံတားကြီး၁၂စင်း ဖောက်လုပ်ပေးခဲ့ရာ ဧရာဝတီမြစ်ကူးတံတားကြီး နှစ်စင်းအဖြစ် ၅၁၉၂ပေရှိ ချောက်–ဆိပ်ဖြူအနော်ရထာတံတားနှင့် ၈၉၈၉ ပေရှိ မကွေး–မင်းဘူး ဧရာဝတီတံတား(မကွေး)တို့ ဖြစ်ပါကြောင်း။

စာတိုက်စခန်း၊ ကြေးနန်းရုံး၊ ဖက်စ်မီလီ၊ ကွန်ပျူတာကြေးနန်းတို့ကို တိုးချဲ့တည်ဆောက်မြှင့်တင်ပေးနေသော ဆက်သွယ်ရေးပမာဏကလည်း အချိုးညီညီ တိုးတက်နေပါကြောင်း။

တစ်ခေတ်ပြောင်းလဲ

စက်မှုလက်မှုကဏ္ဍမှာလည်း ရေနံချောင်းစက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန်တို့ကို စုစည်းပုံဖော်နိုင်ခဲ့ပါကြောင်း၊ ပုဂ္ဂလိကစက်ရုံ၁၈၃ရုံမှ ၂၁၁၅ရုံအထိ တိုးတက်လာခဲ့ပါကြောင်း၊ နိုင်ငံပိုင်စက်ရုံ၆၄ရုံကလည်း အင်အားကောင်းကောင်းဖြင့်စက်မှုကဏ္ဍများ တစ်ခေတ်ပြောင်းလဲ တိုးတက်စေခဲ့ပါကြောင်း။

၁၉၈၈ခုနှစ် နောက်ပိုင်း မကွေးတိုင်းတွင် ကျောက်မီးသွေး ၁၅၀၇ ဒသမ ၃၇ မက်ထရစ်တန်နှင့် စက်မှုသုံး ထုံးကျောက် ၃၅၀၉၄ ဒသမ ၈၀မက်ထရစ်တန်ထုတ်လုပ်နိုင်ပြီး သတ္တုသိုက်များ တိုးမြှင့်တွေ့ရှိရေး ကြိုးပမ်းရှာဖွေပေးနေပါကြောင်း။

စွမ်းအင်ကဏ္ဍတွင် ယခင်ရေနံမြေ ၁၀ ခုကို အားဖြည့်လုပ်ဆောင်ခဲ့ပြီး နောက်ထပ် ရေနံမြေသုံးခု ဖော်ထုတ်နိုင်ခဲ့ပါကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့

မန္တလေးတိုင်း၌ အထူးကုဆေးရုံကြီး ခုနစ်ရုံ အပါအဝင် ဆေးရုံ ၈၈ ရုံ ရှိလာ မြို့တော်ရန်ကုန်နှင့်မခြား ဆေးဝါးကုသမှု ခံယူနိုင်ကြပြီ

စာမျက်နှာ ၄ မှ

မကွေးတိုင်း၏ ပညာရေးကဏ္ဍတွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နှစ်ခု အသစ်ဖွင့်လှစ်ပေးထားပြီး ဒီဂရီကောလိပ်တစ်ခု၊ ပညာရေးကောလိပ်နှစ်ခု၊ စိုက်ပျိုးရေး သိပ္ပံကျောင်း၊ သမဝါယမသင်တန်းကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ပေးထားပါကြောင်း။

ကျန်းမာရေး ကဏ္ဍတွင်လည်း ဆေးတက္ကသိုလ်တစ်ခုနှင့် အခြေခံကျန်းမာရေး ဆေးတက္ကသိုလ် တစ်ခု အသစ်ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

လေကြောင်း ပို့ဆောင်ရေးတွင် ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်ရန်အတွက် မကွေးလေယာဉ်ကွင်း၊ ပခုက္ကူလေယာဉ်ကွင်း၊ ကျောက်ထုလေယာဉ်ကွင်းတို့ကို ဖောက်လုပ်ပေးခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရနှင့်အတူ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ဦးဆောင်ဆောင်ရွက်မှုဖြင့် မကွေးတိုင်းအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကလည်းအောင်မြင်ပြီးမြောက် ခရီးတစ်ထောက်သို့ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ကတ္တရာလမ်း ၁၂၃မိုင် အပါအဝင် မြို့ပြလမ်း၄၅၄မိုင်၁ဖာလုံအထိ ပြည့်စုံလာခဲ့ပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလမ်း ၂၅၄၉ မိုင်အထိ အခက်အလက်ဖြာဝေလာခဲ့ပါကြောင်း၊ ကျေးရွာများသောက်သုံးရေရရှိရေး ဆောင်ရွက်ခဲ့ရာတွင် ကျေးရွာ၁၄၆၉ ရှိရာတွင် ၁၂၉၂ ရွာ၌လုပ်ငန်းပေါင်း၁၇၇၃ ခုပြီးမြောက်ခဲ့ပြီးဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် တင်ပြလိုသည်မှာ နိုင်ငံတော်နှင့်ပြည်သူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများ ရရှိနေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့မကွေးတိုင်း၏ ဒေသသီးသီးမှာလည်း မည်သည့်ခေတ်၊ မည်သည့်အခါနှင့်မှမတူအောင် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

မန္တလေးတိုင်း

ဆက်လက်၍ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ မသီဂီအောင်က ဆွေးနွေးတင်ပြရာတွင် မိမိတို့ မန္တလေးတိုင်းသည် မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်ပြီး ခေတ်အဆက်ဆက် ရှေးမြန်မာမင်းတို့၏ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ခံ့ညားထည်ဝါစွာ နေထိုင်ခဲ့သည့် သမိုင်းအစဉ်အလာရှိခဲ့ပါကြောင်း၊ ယခုမိမိတို့ ရောက်ရှိနေသည့် ပုဂံဒေသကို ဗဟိုပြုပြီး အေဒီ-၁၀၄၄ ခုနှစ် တွင် အနော်ရထာမင်းသည် ပထမမြန်မာနိုင်ငံတော်ကြီးကို စုစည်းထူထောင်နိုင်ခဲ့သည့် ဘူမိနက်သန် မှန်ကန်ရာဒေသလည်းဖြစ်ပါကြောင်း၊ မိမိတို့ မန္တလေးတိုင်းအတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံ ၇၆သိန်းကျော်သည် ပြည်ထောင်စုကြီးအတွင်း၌ စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိကြပါကြောင်း။

မိမိအနေဖြင့် မန္တလေးတိုင်းအတွင်း ၁၉၈၈ ခုနှစ်မှ ယနေ့တပ်မတော်အစိုးရလက်ထက် အချိန်တို ကာလအတွင်း ဖွံ့ဖြိုးတိုးတက်လာမှုများကို ကဏ္ဍအလိုက်တင်ပြသွားမှာဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် ယခင်က စိုက်ပျိုးမြေဧက ၃၄၀၃၇၆၆ သာရှိရာမှ ၃၅၈၅၉၉၅ဧက ရှိလာပြီဖြစ်သည့်အတွက် ၁၈၂၂၂၉ဧက တိုးချဲ့စိုက်ပျိုးလာနိုင်သည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးအတွက် အရေးကြီးသော စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှုတွင် ဆည်၊ကန်၊တာတမံ၊ ရေနုတ်မြောင်း ၆၄ခုမှ ၁၁၆ခု ရှိလာပြီဖြစ်သည့်အတွက် ၅၂ခု တိုးတက်တည်ဆောက်ပေးခဲ့သည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ထို့အပြင် ယခင်က လုံးဝမရှိခဲ့သော မြစ်ရေတင်လုပ်ငန်း ၈၆ ခုကို တည်ဆောက်ပေးခဲ့ပြီး သီးထပ်ဧရိယာ ဧက ၁၁၂၂၃၄၄ တိုးချဲ့စိုက်ပျိုးနိုင်နေပြီ ဖြစ်ပါကြောင်း။

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင်တည်း ယခင်ကလုံးဝမရှိခဲ့သော စပါး၊ငါးတွဲဖက်စိုက်ပျိုးမှုကိုဧက ၃၀၀ အထိ ဆောင်ရွက်နိုင်ပြီဖြစ်သကဲ့သို့ ငါးမွေးမြူရေးကန် ၆၁၄၅ ဒသမ၉၇ ကန်အထိ တိုးတက်မွေးမြူနိုင်သည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးမှု အနေဖြင့် အမြင့်ဆုံးဝန်အား ၄၅ မဂ္ဂါဝပ်မှ မဂ္ဂါဝပ် ၁၈၀ ရှိပြီ ဖြစ်သည့်အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု ယူနစ် သန်းပေါင်း ၃၃၆ ဒသမ ၃၄၅ အထိ တိုးတက် သုံးစွဲနိုင်နေပြီဖြစ်ပါကြောင်း။

ဆက်လက်ပြီး ပညာရေးကဏ္ဍကို တင်ပြရမည်ဆိုလျှင် အခြေခံပညာပျိုးထောင်မှုအနေဖြင့် ကျောင်းပေါင်း ၄၄၆၇ကျောင်းရှိနေပြီဖြစ်သည့်အတွက် ၇၈၇ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သကဲ့သို့ Multi Media စာသင်ခန်း ၂၀၁ ခု၊ e-Learning Centre ၆၃ကျောင်း အသစ်ဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ အဆင့်မြင့်ပညာပျိုးထောင်မှုအနေဖြင့် တက္ကသိုလ်၊ ကောလိပ်၊ဒီဂရီကောလိပ်ခုနစ်ခု တိုးချဲ့ဆောက်လုပ်ပေးခဲ့ပြီး e-Learning Centre ၇၄ ခု၊ လူ့စွမ်းအား အရင်းအမြစ်ဌာန ရှစ်ခု၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးမှုအတွက် နည်းပညာတက္ကသိုလ်တစ်ခု၊ ကွန်ပျူတာတက္ကသိုလ်တစ်ခု၊ မိတ္ထီလာတွင် မြန်မာ့လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ပြင်ဦးလွင်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ မန္တလေးတွင် ယဉ်ကျေးမှုတက္ကသိုလ်၊ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ပုဂံတွင် ယွန်းပညာကောလိပ်တို့ကို တည်ဆောက်ဖွင့်လှစ် သင်ကြားပေးလျက်ရှိသောကြောင့် အထက်မြန်မာပြည်၏ တက္ကသိုလ်မြို့တော်ဟုပင် ခေါ်ဆိုနိုင်နေပြီဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍ အနေဖြင့် ခေတ်မီ စက်ကိရိယာများအသုံးပြု၍ ကုသပေးနေသော အထူးကုဆေးရုံ ခုနစ်ရုံအပါအဝင် ဆေးရုံ၈၈ရုံရှိလာပြီ ဖြစ်သည့်အတွက် မြို့တော်ရန်ကုန်နှင့် မခြား ဆေးဝါးကုသမှုခံယူနိုင်ပြီဖြစ်သကဲ့သို့ တိုင်းရင်းဆေးတက္ကသိုလ် တစ်ခုအပါအဝင် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်ခြောက်ခု ဖွင့်လှစ်ပြီး ကျန်းမာရေးဆိုင်ရာပညာရပ်များ သင်ကြားပေးလျက်ရှိပါကြောင်း။

လမ်း၊ တံတား ကဏ္ဍအနေဖြင့် တင်ပြရမည်ဆိုလျှင် ကားလမ်းတိုးချဲ့ဖောက်လုပ်မှု ၁၂၈၄ မိုင် ၇ ဖာလုံရှိပြီး မြို့ရွာစည်ပင်ဖွံ့ဖြိုးမှုကဏ္ဍအနေဖြင့် မြို့ပြလမ်း ၇၀၂ မိုင် ၆ ဖာလုံတိုးချဲ့ဖောက်လုပ်ခဲ့သကဲ့သို့ မြို့ပြတံတားအသစ် ၁၂၄၄ စင်း တည်ဆောက်ပေးခဲ့ပါကြောင်း။

ကျေးလက်ဖွံ့ဖြိုးမှု

ကျေးလက်ဖွံ့ဖြိုးမှုအနေဖြင့် ကျေးလက်လမ်း ၂၇၄၅မိုင် ၄ဖာလုံနှင့် ကျေးလက်တံတား ၅၉၈စင်း တိုးချဲ့တည်ဆောက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် ပေ၁၈၀အထက်တံတား၁၃စင်းနှင့် ပေ၁၈၀အောက် တံတား၁၃၈စင်းတို့ကိုလည်း တိုးချဲ့တည်ဆောက်ပေးခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်လာပြီဖြစ်ပါကြောင်း။

ပို့ဆောင်ရေးကဏ္ဍ အနေဖြင့် ရထားလမ်းမိုင်၆၁၃ ဒသမ ၃၈မိုင်ရှိလာပြီဖြစ်သကဲ့သို့ လေယာဉ်ကွင်းပေါင်း ခုနစ်ကွင်းရှိလာပြီ ဖြစ်ပါကြောင်း။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး တင်ပြရမည်ဆိုလျှင် မန္တလေးစက်မှုဇုန်၊ မြင်းခြံစက်မှုဇုန်၊ မိတ္ထီလာစက်မှုဇုန်တို့ တည်ထောင်ပေးထားပြီး စက်မှုဇုန်လုပ်ငန်းပေါင်း ၁၈၈၈ခု ရှိနေပြီ ဖြစ်သကဲ့သို့ နိုင်ငံပိုင်စက်ရုံ အလုပ်ရုံ ၁၃၈ရုံအထိ တိုးတက်နေပြီဖြစ်ပါကြောင်း။

ကျေးလက်ဒေသမီးလင်းရေး

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ မိမိတို့မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် အနာဂတ်၏ မျိုးဆက်သစ်လူငယ်များ လိမ္မာယဉ်ကျေးမှုရှိစေရန် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းများ နှစ်စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်နှင့် ဇီဝဓာတ်ငွေ့ဖြင့် ကျေးလက်ဒေသမီးလင်းရေးတို့တွင် ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆွေးနွေးတင်ပြ

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မသီဂီအောင်က ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

ဆွေးနွေးတင်ပြ

မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ မအေးပွင့်ဖြူက ဆွေးနွေး တင်ပြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့် အရှည်ဆုံးတံတားကြီး သံလွင်တံတား(မော်လမြိုင်)ကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ခဲ့

မွန်ပြည်နယ်

ထို့နောက် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မအေးပွင့်ဖြူက ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုအဖြစ်သတ်မှတ်၍ ဆောင်ရွက်ခဲ့ရာ မွန်ပြည်နယ်သည်လည်း ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုဖြစ်တည်လာပြီး ဖွံ့ဖြိုးဝေစည်လျက်ရှိနေပြီဖြစ်ပါကြောင်း။

တိုးပွားလာ

မိမိတို့၏ မွန်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်တွင်တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၄၇၄၈ဒသမ၈မိုင်ကျယ်ဝန်း၍ ပြည်နယ်အတွင်းမှာလည်း မွန်၊ ဗမာ တိုင်းရင်းသားများနှင့်အတူ ပအိုဝ်း၊ ကရင်၊ ရှမ်းစသည့် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်လျက်ရှိပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် ယခင်က အကျိုးပြုဧက တစ်သိန်းခွဲခန့်သာရှိရာက ယခုအခါ ဧကလေးသိန်းခွဲနီးပါး တိုးပွားလာခဲ့ပါကြောင်း၊ ၁၉၈၈ခုနှစ်က ဆည်တမံဟူ၍ ၇၆ခုသာရှိခဲ့ရာမှ ယခုအခါ ၈၆ခုအထိ တိုးပွားလာခဲ့ပြီး စိုက်ပျိုးမြေဧကခြောက်သောင်းကျော်ကို အကျိုးပြုလျက်ရှိပါကြောင်း။

ငရုတ်ကောင်းသီးနှံ စိုက်ပျိုးမှုမှာ ယခင်က ၁၂၇ဧကသာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ ဧက ၁၄၇၇၀ အထိ တိုးမြှင့်စိုက်ပျိုးလာနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် နှစ်ရှည်သီးနှံရော်ဘာစိုက်ဧကတိုးပွားရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီအားပေးခဲ့သဖြင့် ယခုအခါ ဧက ၂၃၅၀၀ ကျော်အထိ စိုက်ပျိုးထားနိုင်ပြီဖြစ်ပါကြောင်း။

မိမိတို့ မွန်ပြည်နယ်မှာ ၁၉၈၈ခုနှစ်က ငါးမွေးမြူရေးကန် ၂၃၉ဧကကျော်သာရှိခဲ့ရာမှ ယခုအခါ ၅၀၇ဧကကျော်အထိ တိုးတက်လာခဲ့ပါကြောင်း၊ ပုစွန်မွေးရေပြင် ၉၂၆ ဒသမ ၃၃ ဧကအထိရှိလာပြီဖြစ်ပါကြောင်း၊ ယခင်က ဆောင်ရွက်ခဲ့ခြင်းမရှိသော စပါး၊ ငါး တွဲဖက်စိုက်ပျိုးမွေးမြူမှုကိုလည်းဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၆၃ဧကအထိ ဆောင်ရွက်လာနိုင်ပြီဖြစ်ပါကြောင်း။

စက်မှုလက်မှုကဏ္ဍအနေဖြင့် မွန်ပြည်နယ်၌လည်း မော်လမြိုင်စက်မှုဇုန်ကို ထူထောင်လာခဲ့ပါကြောင်း၊ ၁၉၈၈ ခုနှစ်က ပုဂ္ဂလိကစက်ရုံ ၁၅၃၅ရုံသာရှိခဲ့ရာမှ ယခုအခါ ၂၂၂၁ရုံအထိ တိုးချဲ့တည်ထောင်လာနိုင်ခဲ့ပါကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် မာလ်တီမီဒီယာစာသင်ခန်း ဖွင့်လှစ်နိုင်သည့် အခြေခံပညာကျောင်းပေါင်း ၁၄၉ ကျောင်းအထိ ဖွင့်လှစ်သင်ကြားနိုင်ပြီဖြစ်ပါကြောင်း၊ ယခင်က မော်လမြိုင်မြို့တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် တစ်ခုတည်းရှိခဲ့ရာမှ ယခုအခါကောလိပ်တစ်ခုနှင့် ပညာရေးကောလိပ်တစ်ခုတို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် အစိုးရနည်းပညာကောလိပ်တစ်ခုနှင့် ကွန်ပျူတာကောလိပ် တစ်ခုတို့ကိုလည်း ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သဖြင့် နည်းပညာရှင်လူငယ် ၄၆၅၄ဦးကို တိုးမြှင့်မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍ အနေဖြင့် ၁၉၈၈ ခုနှစ်က ဆေးရုံ ၂၀သာရှိခဲ့ရာမှ ယခုအခါ ၂၈ရုံအထိတိုးချဲ့လာနိုင်ခဲ့ပြီး တိုင်းရင်းဆေးရုံ တစ်ရုံနှင့် တိုင်းရင်းဆေးခန်း ၁၂ခန်းကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

သစ်တောပြုစု ပျိုးထောင်မှုမှာလည်း ၁၉၈၈ခုနှစ်က သစ်တောစိုက်ဧက ၄၁၀၀ သာရှိခဲ့ပြီး ယခုအခါ ၂၇၄၅၄ဧကအထိ ထူထောင်ထားနိုင်ပြီဖြစ်ပါကြောင်း။

ပို့ဆောင်ရေးကဏ္ဍ အနေဖြင့် ၁၉၈၈ခုနှစ်က ရထားလမ်းမိုင် ၁၉၅ ဒသမ ၅၁မိုင်သာရှိခဲ့ရာမှ ယခုအခါ ၂၁၀ ဒသမ ၄၂မိုင်အထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ၁၉၈၈ခုနှစ်က ဆက်သွယ်ရေးစခန်း ၅၈ခုသာရှိခဲ့ရာမှ ယခုအခါ ၆၃ခုအထိ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခင်က ဖက်စ်ကြေးနန်းဆက်သွယ်ရေး တစ်ခုသာရှိခဲ့ပြီး ယခုအခါ ၁၇ခုအထိရှိလာခဲ့ပါကြောင်း၊ ထို့အပြင် ကွန်ပျူတာဖြင့် ကြေးနန်းဆက်သွယ်မှုကိုလည်း ၁၀ခုအထိ ဖွင့်လှစ်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

တိုးမြှင့်သုံးစွဲလာနိုင်

လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုအနေဖြင့် ၁၉၈၈ခုနှစ်က ယူနစ် ၃၆ဒသမ ၉၈၄သန်းမျှသာ သုံးစွဲနိုင်ပြီး ယခုအခါ ယူနစ် ၁၃၅ဒသမ ၈၂၉သန်းအထိ တိုးမြှင့်သုံးစွဲလာနိုင်ခဲ့ပါကြောင်း။

လမ်းပန်းဆက်သွယ်မှုကဏ္ဍအနေဖြင့် ၁၉၈၈ခုနှစ်က ကတ္တရာလမ်း ၃၅၂မိုင်ရှိရာမှ ယခုအခါ ၃၇၇မိုင် ၃ဖာလုံအထိ တိုးချဲ့ဖောက်လုပ်ထားနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခင်က ပေ ၁၈၀ အောက်တံတား ၁၂၇စင်းသာရှိခဲ့ရာမှ ယခုအခါ ၁၉၈စင်းအထိ တိုးချဲ့တည်ဆောက်ထားနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့အကြား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိစစ်တောင်းတံတားအနီးရှိ နောက်ထပ်စစ်တောင်းမြစ်ကူး မော်တော်ကားတံတားသစ် တစ်စင်းကိုလည်း စတင်တည်ဆောက်နေပြီ ဖြစ်ပါကြောင်း၊ ထို့အပြင် မည်သည့်အခါမှ မမျှော်မှန်းနိုင်ခဲ့သော မြန်မာနိုင်ငံတွင်အကြီးဆုံးနှင့် အရှည်ဆုံးတံတားကြီးဖြစ်သည့် သံလွင်တံတား(မော်လမြိုင်)ကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် သံလွင်တံတားအပါအဝင် ပေ ၁၈၀အထက် တံတားကြီး ကိုးစင်းအထိရှိလာပြီ ဖြစ်ပါကြောင်း၊ အဆိုပါတံတားကြီး ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဒေသနေပြည်သူများက နိုင်ငံတော်အစိုးရ၏ စေတနာကို အထူးပင် ကျေးဇူးတင် ဝမ်းသာဂုဏ်ယူလျက်ရှိကြပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

(ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။)

(သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာချက် မိုင်းနောင်၊ ကျေးသီး၊ မိုင်းရှူးနှင့် ကွန်ဟိန်းမြို့နယ်များမှ တိုင်းရင်းသားပြည်သူများ ဆန့်ကျင်ကန့်ကွက်

ရန်ကုန် မေ ၁၁

ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၀ ရက် နံနက်ဂနာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ် မိုင်းနောင်မြို့အခြေခံပညာအထက်တန်းကျောင်းဝင်း၌ကျင်းပရာ ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ ကွန်ဟိန်းမြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ တစ်ခဲနက် တက်ရောက်ကြပြီး ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား တညီတညွတ်တည်း ဆန့်ကျင်ရှုတ်ချကန့်ကွက်ကြသည်။

တက်ရောက်

အဆိုပါလူထုအစည်းအဝေးကြီးသို့ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသော တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသည့် ပအိုဝ်း အမျိုးသားအဖွဲ့ချုပ် (P.N.O)၊ ရှမ်းပြည်တပ်မတော် (SSA)တပ်မဟာ(၁)နှင့် တပ်မဟာ(၇)၊ ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ ရှမ်းပြည် အမျိုးသား တပ်မတော် (SSNA) ခွဲထွက်(ဝမ်ယိမ်း)၊ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ခွဲထွက် (မိုင်းယွန်း)၊ MTA(ဟိုမိန်း)၊ MTA(နားရိုင်း)၊ MTA(မတ်ကျန်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ (၂) 'ဝ'အဖွဲ့တို့မှ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ ပြည်သူ့စစ်၊ကြက်ခြေနီတပ်ဖွဲ့နှင့်အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ လွိုင်လင်ခရိုင် ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်နှင့် ကွန်ဟိန်းမြို့နယ်တို့မှ တိုင်းရင်းသား ပြည်သူများ၊ မိုင်းနောင်မြို့နယ်နှင့် မိုင်းနောင်မြို့ ပေါ်ရပ်ကွက် လေးရပ်ကွက်တို့မှ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ ကျေးရွာအုပ်စုများမှ တိုင်းရင်းသား ပြည်သူများ စုစုပေါင်းအင်အား ၇၅၀၀ ကျော်တစ်ခဲနက်တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ နံနက် ၆နာရီမှစတင်၍ တိုင်းရင်းသားပြည်သူများသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အမည်စာတန်းများ၊ ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါအဖွဲ့အား အလိုမရှိ၊ ရှမ်းပြည်နယ်ခွဲထွက်ရန်အကြံ-ဒို့လက်မခံ၊ ပြည်ထောင်စုကြီး ဖြိုခွဲသူ-ဒို့ရန်သူ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး-ခိုင်မြဲရမည် ဟူသော ကြွေးကြော်သံစာတန်းများ ကိုင်ဆောင်ကြကာ ကြွေးကြော်သံများ ကြွေးကြော်လျက် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ အခမ်းအနားကျင်းပရာနေရာသို့ စနစ်တကျ ဝင်ရောက် နေရာယူကြသည်။

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးတွင် သဘာပတိအဖြစ် မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဦးစိုင်းအုန်းခေါင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဦးစိုင်းအုံးကော်နှင့် ရပ်ကွက်(၂)မှ ဦးစိုင်းလှကျော်တို့က ဆောင်ရွက်ကြသည်။

ဖတ်ကြားကြေညာ

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းစံကားကဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်နန်းအွန်ခမ်းက ဆောင်ရွက်ကာ အခမ်းအနားမှူးနှင့် တွဲဖက် အခမ်းအနားမှူးတို့က အခမ်းအနားအစီအစဉ်များကို မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ဖတ်ကြားကြေညာကြသည်။

ထို့နောက် အခမ်းအနားသဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်ရှိသတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် ပရိသတ်များက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်အရ "ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ" လူထုအစည်းအဝေးကြီးကို စတင်ဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားအစီအစဉ်အရ သဘာပတိ ဦးစိုင်းအုန်းခေါင်က အဖွင့်မိန့်ခွန်းပြောကြားသည်။

(သဘာပတိဦးစိုင်းအုန်းခေါင်၏ အဖွင့်မိန့်ခွန်းအပြည့်အစုံကို သီးခြား ဖော်ပြထားပါသည်။)

အဆိုတင်သွင်း

ထို့နောက် "ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ် ခွဲထွက်ရန်ကြေညာခြင်းအား မိုင်းနောင်

စာမျက်နှာ ၈ ကော်လံ ၆ သို့



လဲချားမြို့နယ် ဝမ်ပန်ကျေးရွာ သီရိမင်္ဂလာကျောင်း ဆရာတော် ဦးတေဇိန္ဒက လဲချားမြို့နယ်ဝမ်ပန်ကျေးရွာ၌ မိန်းစင် ဦးစီးသော SSA သောင်းကျန်းသူတို့၏ အဓမ္မခေါ်ဆောင်မှုကြောင့် ဝမ်ပန်ကျေးရွာနတ်စင်တွင် မလိမ့်တပတ် ပြုလုပ်သော အခမ်းအနား၌ သောင်းကျန်းသူတို့အလိုကျ စင်မြင့်ပေါ်သို့ တက်ရောက်ခဲ့ရခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လုံးဝ ဆန့်ကျင်ရှုတ်ချကြောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မိုင်းနောင်မြို့နယ် ဟင်ဟဲကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးပညာစာမိက မိန်းစင်ဦးစီးသော SSA သောင်းကျန်းသူတို့က လဲချားမြို့နယ် ဝမ်ပန် ကျေးရွာနှင့် မိုင်းနောင်မြို့နယ် မိုင်းရဲကျေးရွာ အုပ်စုတို့မှ ဒေသခံ တိုင်းရင်းသား ပြည်သူများ၏ ရိုးသားမှုအပေါ် အခွင့်ကောင်းယူ၍ အဓမ္မခေါ်ယူ လူစုခြင်း၊ နတ်ကန်တော့ပွဲအား ရှမ်းပြည်တည်ထောင်မှုနှင့် လွတ်လပ်ရေးကြေညာခြင်း ထောက်ခံပွဲ သဏ္ဍာန်မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆန့်ကျင်ရှုတ်ချကြောင်း ရှင်းလင်းတင်ပြပြီး ယခုကျင်းပသော လူထုအစည်းအဝေးကြီး၏ အဆိုပြုချက်နှင့် ထောက်ခံဆွေးနွေးချက်တို့ကို အလေးအနက်ထောက်ခံကြောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

လဲချားမြို့နယ် ဝမ်ပန်ကျေးရွာနေ ဦးဇဝနက လဲချားမြို့နယ် ဝမ်ပန်ကျေးရွာ၌ မိန်းစင် ဦးစီးသောSSAသောင်းကျန်းသူတို့၏ အဓမ္မခေါ်ဆောင်မှုကြောင့် ဝမ်ပန်ကျေးရွာနတ်စင်တွင်မလိမ့်တပတ် ပြုလုပ်သော အခမ်းအနား၌ သောင်းကျန်းသူတို့ အလိုကျ စင်မြင့်ပေါ်သို့ တက်ရောက်ခဲ့ရခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါ တစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား လုံးဝ ဆန့်ကျင် ရှုတ်ချကြောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

လဲချားမြို့နယ် တတ်မောက်ကျေးရွာနေ ဦးစိုင်းတွိုက လဲချားမြို့နယ် ဝမ်ပန်ကျေးရွာ၌ မိန်းစင်ဦးစီးသော SSA သောင်းကျန်းသူတို့၏ အဓမ္မခေါ်ဆောင်မှုကြောင့် ဝမ်ပန်ကျေးရွာ နတ်စင်တွင် မလိမ့်တပတ်ပြုလုပ်သော အခမ်းအနား၌ သောင်းကျန်းသူတို့အလိုကျ စင်မြင့်ပေါ်သို့ တက်ရောက်ခဲ့ရခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လုံးဝ ဆန့်ကျင်ရှုတ်ချကြောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းစံကားနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းအွန်ခမ်းတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ပြေးအကြမ်းဖက်အဖျက်သမားများက မြန်မာနိုင်ငံကို နယ်ချဲ့အလိုကျဖျက်ဆီး မိုင်းထောင်၊ ပုံးခွဲ၊ ဖွံ့ဖြိုးရေးစီမံကိန်းဖျက်ဆီး၊ အကြမ်းဖက်လုပ်ရပ် ရင်နှင့်မမျှအောင်ခံနေရ တိုင်းပြည်ဖြိုခွဲရေး အဖျက်သမား၊ အကြမ်းဖက် လူသတ်သမားများကို မိုင်းနောင်လူထုလုံးဝလက်မခံ

ရန်ကုန် မေ ၁၁

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၀ရက် နံနက် ၈နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ကျင်းပရာ မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဒေါ်နန်းဆိုင်ဟိန်းက "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို အောက်ပါအတိုင်း ထောက်ခံဆွေးနွေးသွားသည်။

လေးစားအပ်ပါသော သဘာပတိကြီးရှင့်–

အဖျက်သမား ပြည်ပြေးစဝ်ခမ်ဖတို့ရဲ့ ပြည်ထောင်စုဖြိုခွဲရေးလုပ်ရပ်များကို မကျေနပ်ကြလို့ ဒီနေ့လူထုအစည်းအဝေးကြီးသို့ တစ်ခဲနက် တက်ရောက်လာတဲ့ ပြည်သူလူထုကြီးရဲ့ သဘောထားများကို ထင်ဟပ်ပြီး အဆိုရှင် ဦးစိုင်းထောက် တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို ဖြည့်စွက်ထောက်ခံသွားမှာဖြစ်ပါတယ်။

ကျွန်မကတော့ မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဒေါ်နန်းဆိုင်ဟိန်း ဖြစ်ပါတယ်။

သဘာပတိကြီးရှင့်–

ပြည်ပြေး အကြမ်းဖက်အဖျက်သမားများဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို နယ်ချဲ့အလိုကျ ဖြိုချဖျက်ဆီးဖို့၊ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတွေကို မိုင်းထောင်၊ ပုံးခွဲ၊ ချောင်းမြောင်းပစ်ခတ်၊ ရွာမီးရှို့၊ ဆက်ကြေးတောင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းတွေကို ဖျက်ဆီးနှောင့်ယှက်၊ အမျိုးသမီးများကို စော်ကားတဲ့ အဖျက်လုပ်ရပ်၊ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဖို့ အမြဲတစေကြံစည်လုပ်ဆောင်နေတာကို ရင်နှင့်မမျှအောင် ခံနေကြရတာမို့ ကျွန်မတို့အားလုံးဟာ ရင်ထုမနာ ဖြစ်နေကြရပါတယ်။

ပြည်ပြေးစဝ်ခမ်ဖတို့ စော်ဘွားအနွယ်တွေက ရှမ်းသမ္မတနိုင်ငံ ထူထောင်တယ်ဆိုပြီး မလုပ်သင့် မလုပ်အပ်တာ လုပ်နေချိန်မှာ သူတို့နဲ့ တစ်ဂိုဏ်းတည်းဖြစ်တဲ့ အကြမ်းဖက်အဖျက်သမား KNU ၊ ဘိန်းစားပြ ရွက်ဆစ်ဦးစီးတဲ့ SURA တစ်ဖြစ်လဲ SSA၊ သစ်မှောင်ခိုသောင်းကျန်းသူ KNPP၊ ပြည်ပြေးစိန်ဝင်းရဲ့ NCGUB နောက်လိုက် အကြမ်းဖက်သမားတွေက ပြည်သူတွေကို ရဲရဲရင်မဆိုင်ရဲဘဲ သူခိုးကျင့် သူခိုးကြံနဲ့ အလစ်အငိုက်မှာ ပုံးဖောက်ခွဲ၊ ပစ်ခတ်တိုက်ခိုက် သတ်ဖြတ်တဲ့အလုပ်တွေ လုပ်ပြနေတာကို ခုတလောမှာ နားနဲ့မဆံ့အောင် ကြားနေရသလို၊ မမြင်ရက် မရှုရက် တွေ့နေရပြန်ပါတယ်။

သဘာပတိကြီးရှင့်–

မေလ ၇ ရက်နေ့ တစ်နေ့ထဲမှာပဲ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကုန်သွယ်မှုဗဟိုဌာနမှာ ခင်းကျင်းပြသနေတဲ့ ထိုင်းနိုင်ငံကုန်စည်ပြပွဲ၊ မရမ်းကုန်းမြို့နယ်မှ ရှစ်မိုင်ဂျမ်းရှင်းအိတ်ကုန်တိုက်၊ စမ်းချောင်းမြို့နယ်မှ

ခုလို မြို့ကြီးပြကြီးတွေကို ပြည်သူလူထုအသွင်ဆောင် ရောနှောဝင်ရောက်ပြီး အလစ်အငိုက်ပုံးခွဲသတ်ဖြတ်နေတာ၊ တောထဲတောင်ထဲမှာ လက်ရဲဇက်ရဲ လူသတ်ပွဲ ဆင်နွှဲနေတာတွေဟာ ဘယ်သူ့အတွက်လဲ၊ ဘာကြောင့်လဲလို့ မေးခွန်းထုတ်စရာမလိုအောင် ဖြစ်နေပါပြီ။

ထောက်ခံ

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဒေါ်နန်းဆိုင်ဟိန်းက ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဒဂုန်စင်တာ ကုန်တိုက်ဆိုတဲ့ နေရာသုံးနေရာ လူစည်ကားရာနေရာတွေမှာ ကေအင်န်ယူ၊ ရွက်ဆစ်ရဲ့ အက်စ်အက်စ်အေ၊ ကေအင်န်ပီပီနဲ့ ပြည်ပြေးစိန်ဝင်းရဲ့ NCGUB အုပ်စုတို့ပူးပေါင်းပြီး ပုံးထောင်ဖောက်ခွဲခဲ့လို့ အပြစ်မဲ့ပြည်သူ ၁၁ ယောက်သေဆုံးပြီး ၁၆၀ကျော် ဒဏ်ရာရခဲ့ရပါတယ်။

ပြီးခဲ့တဲ့ ဧပြီလကလဲ မန္တလေးဈေးချိုမှာ ပုံးခွဲခဲ့လို့ ပြည်သူတွေ သေကျေခဲ့ရတာ၊ ထားဝယ်–ရေးကားလမ်းမှာ ထားဝယ်တက္ကသိုလ်မှ လေ့လာရေးအဖွဲ့ရဲ့ ယာဉ်တန်းကိုပစ်ခတ်လို့ တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနဲ့ ခရီးသွားပြည်သူများ အသက်ဆုံး၊ ယူကျုံးမရဖြစ်ခဲ့ရတာတွေဟာ အဲဒီ ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားအဖွဲ့တွေရဲ့ လက်ချက်ပါပဲ။

ခုလို မြို့ကြီးပြကြီးတွေကို ပြည်သူလူထုအသွင်ဆောင် ရောနှောဝင်ရောက်ပြီး အလစ်အငိုက် ပုံးခွဲသတ်ဖြတ်နေတာ၊ တောထဲတောင်ထဲမှာ လက်ရဲဇက်ရဲ လူသတ်ပွဲဆင်နွှဲနေတာတွေဟာ ဘယ်သူ့အတွက်လဲ၊ ဘာကြောင့်လဲလို့ မေးခွန်းထုတ်စရာ မလိုအောင်ဖြစ်နေပါပြီ။

လောကဓမ္မတာအရ အကြမ်းဖက်အဖျက်သမားတွေဟာ ပြည်သူလူထုရဲ့ အသက်ကိုဖျက်ဆီး၊ ပြည်ထောင်စုကြီးကိုဖြိုခွဲ၊ မစားရတဲ့အမဲ သဲနဲ့ပက်သလို အမြဲတစေ လုပ်ကြံနေကြဦးမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ တိုင်းပြည်ဖြိုခွဲရေးအဖျက်သမား၊ အကြမ်းဖက်လူသတ်သမားများရဲ့ ခြေလှမ်းအတိုင်း ထက်ကြပ်မကွာ လှမ်းလာနေတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း"**အဆိုကို ရန်သူနဲ့ ပြည်သူ စည်းခြားပြီး ပြတ်ပြတ်သားသား ထောက်ခံလိုက်ရပါတယ်ရှင့်။ ။

✡ ရှေ့ဖုံးမှ

မြန်မာနိုင်ငံကို ပြည်ပနယ်ချဲ့သမားတွေ ကျူးကျော်ကျွန်ပြုပြီး နိုင်ငံရဲ့ကြွယ်ဝလှတဲ့ ခနဉစ္စာ၊ သယံဇာတ ထွက်ကုန်ပစ္စည်းတွေကို ဝါးမျိုအမြတ်ထုတ်ခဲ့တာ နှစ်ပေါင်း ၁၀၀ကျော် တိုင်ခဲ့ပါတယ်။ နယ်ချဲ့လက်အောက်မှာ ဘာသာ၊ သာသနာ ညှိုးနွမ်းခဲ့ရပါတယ်။ ပြည်သူတွေ ဆင်းရဲမွဲတေခဲ့ကြရပါတယ်။ နယ်ချဲ့နဲ့ သူတို့ရဲ့ လက်ဝေခံ၊ သြဇာခံတွေသာ ဆူဖြိုးပြီး ချမ်းသာကြွယ်ဝသွားကြပါတယ်။

ဒါကြောင့် တိုင်းရင်းသားလူမျိုးအားလုံး လက်တွဲပြီး နယ်ချဲ့ကို တွန်းလှန်ခဲ့ကြပါတယ်။ မြန်မာ့လွတ်လပ်ရေးကို အရပြန်ယူခဲ့ကြပါတယ်။ ရေ၊ မြေ၊ သယံဇာတကြွယ်ဝတဲ့ နိုင်ငံဖြစ်ပါလျက် တိုင်းတစ်ပါးသားနယ်ချဲ့က သွေးစုပ်၊ လွတ်လပ်ရေးရပြန်တော့ ဝါဒစွဲ၊ ဂိုဏ်းဂဏအစွဲ၊ ပယောဂစွဲတွေနဲ့ အချင်းချင်းတိုက်ကြခိုက်ကြတဲ့ ရောင်စုံသောင်းကျန်းမှုကြီးက နိုင်ငံမှာ တိုးတက်ဖွံ့ဖြိုးမှု လုံးဝမရှိအောင် ဖျက်ဆီးပစ်ခဲ့ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်မှာလဲ နယ်ချဲ့ကို မျက်နှာလုပ်၊ ဒူးထောက်ခစားပြီး ဒေသခံတိုင်းရင်းသားတွေအပေါ်မှာ ဖိုလ်ကျစိုးမိုး၊ လောင်းကစားဝိုင်းတွေမှတစ်ဆင့် အခွန်ရအောင်ယူပြီး ပြည်သူတွေ မွဲအောင်လုပ်၊ သူတို့မိသားစုတွေ ရွှေဘုံပေါ်စံနိုင်အောင် အနိုင်ကျင့် ကိုယ်ကျိုးရှာခဲ့တဲ့ စော်ဘွားတွေရဲ့ ဒဏ်ကို ထပ်ဆင့်ခံခဲ့ရပါတယ်။

ဘူးလေးရာ ဖရုံဆင့်ဆိုသလို၊ ရေနစ်သူ ဝါးကူထိုးသလို ခံခဲ့ကြရတာဖြစ်ပါတယ်။

၁၉၅၉ခုနှစ် ဧပြီလမှာ မြန်မာနိုင်ငံအိမ်စောင့်အစိုးရက ရှမ်းပြည်နယ်မှာ ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အုတ်မြစ်ချပေးခဲ့လို့ ရှမ်းပြည်နယ်မှ တိုင်းရင်းသားတွေဟာ ပဒေသရာဇ်စော်ဘွားတွေရဲ့လက်အောက်မှ လွတ်မြောက်ခဲ့ပါတယ်။ စော်ဘွားတွေ၊ စောဖျာတွေကို အိမ်စောင့်အစိုးရက တလုံးတစည်းတည်းသော လျော်ကြေးပင်စင်တွေ ထိုက်ထိုက်တန်တန်ပေးပြီး ခေတ်နဲ့မညီတော့တဲ့ ပဒေသရာဇ်အာဏာကို စွန့်ခိုင်းခဲ့တာပါ။ ဒါပေမယ့် လောဘအရှိန်မသတ်နိုင်တဲ့ စော်ဘွားတချို့ဟာ မူလကအစပျိုးထားတဲ့ ရှမ်းသောင်းကျန်းမှုကို ၎င်းတို့အာဏာစွန့်ခဲ့ရပြီးနောက်ပိုင်းမှာ ပိုမိုကျယ်ပြန့်အောင် လုပ်လာခဲ့ကြပါတယ်။ အဲဒီကာလတွေတုန်းကလဲ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ ကိုယ့်အသက်ကိုယ် ဖက်နဲ့ထုပ်ပြီး နေခဲ့ကြရတာဖြစ်ပါတယ်။

ရှမ်းပဒေသရာဇ်စော်ဘွားတွေ ကောင်းစားရေးအတွက် ဆူပူထကြွခဲ့တဲ့ SSA သောင်းကျန်းမှုဟာ ရှမ်းပြည်နယ်မှ တိုင်းရင်းသားမျိုးစုံကို ဒုက္ခပေးလာပါတယ်။ သတ်ဖြတ်တာခံရ၊ လုယက်တာခံရ၊ မီးရှို့တာခံရ၊ လူသစ်စုတာခံရ၊ ဆက်ကြေးပေးရနဲ့ တိုင်းရင်းသားပြည်သူတွေ အလူးအလဲခံခဲ့ကြရပါတယ်။ အာဏာစွန့်လိုက်ရတဲ့ စော်ဘွားဟောင်းအချို့ဟာ နယ်ချဲ့ရဲ့သြဇာကိုခံပြီး ၁၉၆၁–၆၂ ခုနှစ်မှာ ဖက်ဒရယ်မူ လှုပ်ရှားမှုကြီးနဲ့ ပြည်ထောင်စုပြိုကွဲအောင် လုပ်ဆောင်ခဲ့ကြပြန်ပါတယ်။ အဲဒီလို တစ်လျှောက်လုံးဒုက္ခပေးလာတဲ့ ရှမ်းစော်ဘွား ပဒေသရာဇ်တွေနဲ့ သူတို့ရဲ့အနွယ်တွေ၊ နောက်လိုက်တွေဟာ နောက်ဆုံး နိုင်ငံအတွင်းမှာတောင် မရပ်တည်နိုင်တော့ဘဲ ပြည်ပြေးဘဝကိုခံယူပြီး ပြည်ပသစ္စာခံ ဖြစ်သွားခဲ့ကြပါတယ်။

ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်နဲ့ စတုတ္ထဇနီး မဟာဒေဝီ နန်းဟိန်းခမ်းတို့ရဲ့သား စဝ်ခမ်ဖဟာ ပြည်ပမှာကပ်ရပ်ခိုလှုံနေရာက အပေါင်းပါနောက်လိုက် ပြည်ပြေးတစ်စုနဲ့ ဧပြီလ ၁၇ရက်နေ့မှာ ရှမ်းသမ္မတနိုင်ငံ ထူထောင်လိုက်ပြီလို့ အသားလွတ် ကြေညာသွားပါတယ်။ သူ့ကိုယ်သူလဲ ရှမ်းသမ္မတဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလို မဟုတ်တရုတ် ကြေညာရုံတင်မကဘဲ ရှမ်းပြည်နယ်မှာရှိတဲ့ မြို့နယ် ၄၈မြို့နယ်မှ ပြည်သူတွေက သူတို့ပြည်ပြေးအစိုးရကို ထောက်ခံသယောင် လိမ်ညာလှည့်ဖျား ဝါဒဖြန့်စကားတွေ ပြောဆိုလာပါတယ်။

ကျွန်တော်တို့ မိုင်းနောင်လူထုကပဲ မိုင်းနောင်ဒေသမှာ ဧပြီလ ၁၉ ရက်နေ့မှာ အစည်းအဝေးကျင်းပပြီး ပြည်ပြေးစဝ်ခမ်ဖတို့အုပ်စုရဲ့လုပ်ရပ်ကို ထောက်ခံသယောင်ယောင် ဖြောင်လိမ်လာပါတယ်။ ပြည်ပြေးစဝ်ခမ်ဖနဲ့အပေါင်းပါတစ်စုက အင်တာနက်ပေါ်မှာ သတင်းတွေ၊ ဓာတ်ပုံတွေတင်ပြီး မိုင်းနောင်မှ ဒေသခံပြည်သူတွေက သူတို့ရဲ့လုပ်ရပ်ကို ထောက်ခံသယောင် လုပ်ဆောင်လာတာဟာ တကယ့်လိမ်ဆင်သက်သက်ပဲ ဖြစ်ပါတယ်။

သူတို့ပြတဲ့ ဓာတ်ပုံတွေထဲမှာ မိုင်းနောင်မြို့နယ်မှ တစ်ဦးတစ်ယောက်မျှ မပါပါဘူး။ သူတို့ဓာတ်ပုံတွေထဲမှာ တွေ့ရတဲ့ နောက်ခံဒေသတွေဟာ မိုင်းနောင်ဒေသ မဟုတ်ပါဘူး။ SSA အကြမ်းဖက်သောင်းကျန်းသူတွေ ခိုအောင်းနေတဲ့ နယ်စပ်တစ်နေရာ၊ ဒါမှမဟုတ် တစ်ဖက်နိုင်ငံရဲ့ ဒေသတစ်ခုခုမှာ ရုပ်ရှင်ရိုက်သလို ဆက်တင်လုပ်ရိုက်ပြီးမှ လုပ်ကြံထုတ်လွှင့်ဝါဒဖြန့်ခဲ့တာတွေသာ ဖြစ်ပါတယ်ခင်ဗျား။

သဘာပတိကြီးခင်ဗျား–

မိုင်းနောင်မြို့နယ်မှာ သူတို့ပြောတဲ့ ထောက်ခံပွဲဆိုတာ လုံးဝမလုပ်ခဲ့ပါဘူး။ အဲ့ဒီအစည်းအဝေးဆိုတာ အမှန်တကယ်မရှိခဲ့ပါဘူး။ မရှိတဲ့အစည်းအဝေးက သူတို့ကို ထောက်ခံတယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ ကလိမ်ကကျစ်လုပ်ရပ်သာဖြစ်ပါတယ်။ မိုင်းနောင်လူထုက အဲဒီလိမ်ညာဝါဒဖြန့်မှုကို မခံမရပ်နိုင်ဖြစ်ကြတဲ့အတွက် ဒီနေ့ကျင်းပတဲ့ လူထုအစည်းအဝေးကြီးမှာ လာရောက်စုဝေးပြီး အဖြစ်မှန်ဖွင့်ဟကြတာ ဖြစ်ပါတယ်။

ဒီလိုမဟုတ်မဟတ်လုပ်ဇာတ်တွေနဲ့ မဟုတ်မမှန်လုပ်ကြံလာသူတွေကို ဒီအတိုင်း လျစ်လျူရှုထားလို့ မဖြစ်တော့ပါဘူး။ ပြည်သူ့သဘောထားဆန္ဒကို ပြသပြီး သူတို့ရဲ့ မှားယွင်းတဲ့လုပ်ရပ်ကို ရပ်တန်းကရပ်ဖို့ သတိပေးရတော့မှာ ဖြစ်ပါတယ်။

ဒါကြောင့် **"ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း"**အဆိုကို တိတိကျကျ ခိုင်ခိုင်လုံလုံနဲ့ တင်သွင်းလိုက်ရပါတယ် ခင်ဗျား။ ။

12-5 (07).p65 1 3/27/05, 7:53 AM

မိုင်းနောင်ဒေသခံတိုင်းရင်းသားများက စဝ်ခမ်ဖတို့ရဲ့ လူမျိုးရေးအမြင် ကျဉ်းမြောင်းတဲ့လုပ်ရပ်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ဘယ်မြို့နယ်၊ ဘယ်ဒေသ၊ ဘယ်ပြည်သူတစ်ဦးတစ်ယောက်မှ
ပြည်ထောင်စုမပြိုကွဲရေးအတွက် မိုင်းနောင်ဒေသခံပြည်သူများက တိုင်းရင်းသားပြည်

ရန်ကုန် မေ ၁၁

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၀ ရက် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ သဘာပတိ မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဦးစိုင်းအုန်းခေါင်က အဖွင့်မိန့်ခွန်းကို အောက်ပါအတိုင်း ပြောကြားသွားသည်။

လေးစားချစ်ခင်အပ်ပါသော မိုင်းနောင်မြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူလူထုကြီးခင်ဗျား–

ကျွန်တော်ကတော့ မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဦးစိုင်းအုန်းခေါင်ဖြစ်ပါတယ်။ ဒီကနေ့ လူထုအစည်းအဝေးကြီးမှာ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်ရလို့ ဂုဏ်ယူ ဝမ်းမြောက်ကြောင်း ဦးစွာပြောကြားပါရစေ။ လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြတဲ့ ညီအစ်ကိုမောင်နှမ သွေးချင်းသားချင်းအပေါင်း ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းရင်းနှုတ်ခွန်းဆက်သလိုက်ပါတယ်။

မိုင်းနောင်ဒေသမှ တိုင်းရင်းသားပြည်သူများအနေနဲ့ ကိုယ့်ဒေသတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်အောင်၊ အေးချမ်းသာယာအောင် ညီညီညာညာစုပေါင်းအားထုတ်လျက်ရှိကြပါတယ်။ နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်မှု၊ ပြည်သူတို့ရဲ့အားထုတ်မှုကြောင့် ဒီဒေသဟာ ရေးကနဲ့မတူ တစ်မူထူးခြားပြီး အေးချမ်းလာတာ၊ ဖွံ့ဖြိုးတိုးတက်လာတာကို အားလုံး ကိုယ်တိုင်ကိုယ်ကျ တွေ့ထိခံစားနေကြရတာ ဖြစ်ပါတယ်။

ငြိမ်သက်နေတဲ့ရေကန်ထဲကို အမှိုက်သရိုက်တွေ၊ ခဲတွေ၊ အညစ်အကြေးတွေပစ်ချပြီး ကန်ရေနောက်အောင် နှောင့်ယှက်တာတွေလုပ်မယ်ဆိုရင် ရေကြည်ဟာ ရေနောက်ဖြစ်လာမယ်။ ရေသန့်ဟာ ရေညစ်ဖြစ်လာမယ်။ ရေကန်ရဲ့ အလှအပတွေ ဆိတ်သုဉ်းသွားမယ်။ ဒါ့ကြောင့် ကြည်လင်အေးမြတဲ့ သီတာရေကန်ထဲမှာ ကြာမျိုးငါးပါး ပွင့်လန်းလှပနေတဲ့အခြေအနေကောင်းကို ဖျက်လိုဖျက်ဆီးလုပ်သူရှိလာရင် ရေကန်ကို မှီခိုနေရတဲ့ ဒေသသားတွေ စိတ်မချမ်းမြေ့ကြတော့ပါဘူး။ မကျေနပ်ကြတော့ပါဘူး။ ဒေါသဖြစ်ကြရပါတယ်။

ဒီကနေ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နဲ့ အဖွဲ့ငယ်များဟာ ငြိမ်းချမ်းရေးနဲ့ လက်နက်လဲလှယ်ခဲ့ကြလို့ ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းလာနေပါပြီ။ လမ်းတံတားတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံဆေးခန်းတွေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ အလုပ်ရုံတွေ၊ စက်မှုလယ်ယာနည်းပညာသစ်နဲ့ စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေ၊ မြို့ပြအဆောက်အအုံတွေ၊ ဆည်တမံတွေ အဆင့်မြင့်မြင့်နဲ့ တိုးတက်များပြားလာနေပါပြီ။ ဒါတွေဟာ ကျွန်တော်တို့အားလုံး စိတ်ချမ်းသာ ပီတိဖြစ်ရတဲ့ အခြေအနေကောင်းတွေပါ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ငြိမ်းချမ်းသာယာမှုဟာ ကြည်လင်အေးမြတဲ့ ရေကြည်ကန်တစ်ကန်နဲ့ တူပါတယ်။ ဘက်စုံဖွံ့ဖြိုးမှုတွေကတော့ ရေကန်ထဲမှာ ပွင့်လန်းသင်းထုံနေတဲ့ ကြာမျိုးငါးပါးနဲ့ တူပါတယ်။

ပြည်ထောင်စုကြီးတည်းဟူသော လှပကြည်လင်သန့်စင်တဲ့ မဟာနန္ဒာကန်ကြီးထဲကို အညစ်အကြေး၊ ခဲသလဲများပစ်ချပြီး ရေနောက်အောင်၊ ရေညစ်အောင်၊ ကြာပန်းတွေပျက်စီးအောင် လုပ်လာတဲ့ ရှမ်းပြည်ပြေး စော်ဘွားအနွယ်ဟောင်း စဝ်ခမ်ဖနဲ့ အပေါင်းပါ အဖျက်သမားတစ်စုဟာ လွတ်လပ်တဲ့ ရှမ်းသမ္မတနိုင်ငံ တည်ထောင်လိုက်ပြီ ဆိုလို ဆို၊ သူ့ကိုယ်သူ ရှမ်းသမ္မတဖြစ်သွားပြီလို့ ပြောလို ပြောနဲ့ အရူးဘုံမြှောက်တဲ့စကားတွေ ပြောဆိုနေကြောင်း ကြားသိရပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူမျိုး တစ်ရာကျော်ပါဝင်တဲ့ ပြည်သူ ၅၄ သန်းကတော့ ပြည်ပြေးစဝ်ခမ်ဖအုပ်စုရဲ့ လုပ်ရပ်ကို ရေကြည်ကန် ညစ်နွမ်းနောက်ကျိအောင် ခဲတွေ၊ အမှိုက်တွေပစ်ချတဲ့ အဖျက်လုပ်ရပ်တွေလို့ပဲ သဘောထားကြပါတယ်။ ကျွန်တော်တို့ မိုင်းနောင်မြို့နယ် ဒေသခံတိုင်းရင်းသား

ထောက်ခံဆွေးနွေး

မိုင်းနောင်မြို့နယ် မတ်တီးရွာမှ နတ်ဆရာ ဦးစလေစုက မိန်းစင်ဦးစီးသော SSA သောင်းကျန်းသူတို့က လဲချားမြို့နယ် ဝမ်ပန်ကျေးရွာနှင့် မိုင်းနောင်မြို့နယ် မိုင်းရဲကျေးရွာအုပ်စုတို့မှ ဒေသခံ တိုင်းရင်းသား ပြည်သူများ၏ ရိုးသားမှုအပေါ် အခွင့်ကောင်းယူ၍ အဓမ္မခေါ်ယူ လူစုခြင်း၊ နတ်ကန်တော့ပွဲအား ရှမ်းပြည်တည်ထောင်မှုနှင့် လွတ်လပ်ရေးကြေညာခြင်း ထောက်ခံပွဲသဏ္ဌာန် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆန့်ကျင်ရှုတ်ချကြောင်း ရှင်းလင်းတင်ပြပြီး ယခုကျင်းပသော လူထုအစည်းအဝေးကြီး၏ အဆိုပြုချက်နှင့် ထောက်ခံဆွေးနွေးချက်တို့ကို အလေးအနက်ထောက်ခံကြောင်း ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ်တပ်မတော် (SSA)တပ်မဟာ(၇)မှ ဦးစိုင်းဦးဆိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော တိုင်းရင်းသားအဖွဲ့ ၁၀ ဖွဲ့ကိုယ်စား ပြည်ပြေးစဝ်ခမ်ဖတို့၏ လုပ်ရပ်သည် ပြည်ထောင်စုကြီးပြိုကွဲစေရန်နှင့် နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးလာနိုင်သဖြင့် လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း ဆွေးနွေးပြောကြားစဉ်။

(သတင်းစဉ်)

လဲချားမြို့နယ် နောင်ယာဆိုင်ကျေးရွာနေ ဦးနန္ဒော(ခေါ်)ဦးလုံးဟိန်တောက လဲချားမြို့နယ် ဝမ်ပန်ကျေးရွာ၌ မိန်းစင်ဦးစီးသော SSA သောင်းကျန်းသူတို့၏ အဓမ္မခေါ်ဆောင်မှုကြောင့် ဝမ်ပန်ကျေးရွာနတ်စင်တွင် မလိမ့်တပတ်ပြုလုပ်သော အခမ်းအနား၌ သောင်းကျန်းသူတို့အလိုကျ စင်မြင့်ပေါ်သို့ တက်ရောက်ခဲ့ရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လုံးဝဆန့်ကျင် ရှုတ်ချကြောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း”အဆိုကို မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဦးစိုင်းထောက်က တင်သွင်းသည်။

(အဆိုတင်သွင်းချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် အဆိုရှင် ဦးစိုင်းထောက် တင်သွင်းသည့် “ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း”အဆိုကို မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဒေါ်နန်းမီးက ထောက်ခံဆွေးနွေးသည်။

(ထောက်ခံဆွေးနွေးချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ အဆိုရှင် ဦးစိုင်းထောက် တင်သွင်းသည့် “ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း”အဆိုကို မိုင်းနောင်မြို့ ရပ်ကွက်(၃)မှ ဦးစိုင်းမိုးကျော်သူက ထောက်ခံဆွေးနွေးသည်။

(ထောက်ခံဆွေးနွေးချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက်အဆိုရှင်ဦးစိုင်းထောက်၏ “ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း”အဆိုကို မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဒေါ်နန်းဆိုင်ဟိန်းက ထောက်ခံဆွေးနွေးသည်။

(ထောက်ခံဆွေးနွေးချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

မြောင်းတဲ့လုပ်ရပ်၊ ပြည်ထောင်စုဖြိုခွဲတဲ့လုပ်ရပ်၊ မှားယွင်းတဲ့လုပ်ရပ်ကို ကြားသိရ၍ ဒေါသဖြစ်ရ ဦးတစ်ယောက်မျှ ကိုယ့်နိုင်ငံပြိုကွဲအောင်လုပ်လာတဲ့ အမျိုးသားသစ္စာဖောက်တွေကို မထောက်ခံ ်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့အတူ အသက်ပေးပြီး ကာကွယ်စောင့်ရှောက်သွားမည်

တွေဟာ ရေဒီယို၊ ရုပ်မြင်သံကြားနဲ့ စာနယ်ဇင်းတွေကတစ်ဆင့် အဲဒီ စစ်ခမ်းဖတို့ရဲ့ လူမျိုးရေးအမြင်ကျဉ်းမြောင်းတဲ့ လုပ်ရပ်၊ ပြည်ထောင်စုဖြိုခွဲတဲ့ လုပ်ရပ်၊ မှားယွင်းတဲ့လုပ်ရပ်အကြောင်း ကြားသိရပြီး ဒေါသတွေဖြစ်ကြရပါတယ်။

ပြည်ပြေးစစ်ခမ်းဖဟာ ကိုယ့်ဇာတိဌာနေ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသကို ကျောခိုင်းပြီး စော်ဘွားဘဝနဲ့ ၎င်းရဲ့မိဘတွေ မတရားရှာဖွေစုဆောင်းထားတဲ့ ငွေတွေနဲ့ ပြည်ပမှာသွားပြီး စိမ်ခံနေတာ ကြာလှပါပြီ။ ယူဆောင်သွားတဲ့ ငွေကြေးတွေကုန်တာနဲ့ တစ်ပြိုင်တည်းမှာ ပြည်ပမှ နယ်ချဲ့သမားဆီက လက်ဖြန့်ခံတောင်းရမ်းစားတဲ့ နယ်ချဲ့လက်ဝေခံ ပြည်ပြေးကြေးစား သစ္စာဖောက်တွေ ဖြစ်သွားတော့တာပါပဲ။

အခုဆိုရင် နယ်ချဲ့သမားစေခိုင်းတဲ့အတိုင်း ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ဒုက္ခရောက်စေမယ့် ပြည်ထောင်စုပြိုကွဲရေးလုပ်ရပ်တွေ လုပ်လာနေတာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာရှိတဲ့ မြို့နယ် ၅၆မြို့နယ်အနက် ၄၈မြို့နယ်မှ လူထုက သူတို့ ပြည်ပြေးစင်ပြိုင် ရှမ်းပြည်နယ်အစိုးရ အတုအယောင်ကို ထောက်ခံသယောင် လိမ်ညာလုပ်ကြံပြီး ဝါဒဖြန့်လာတာကို တွေ့ရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ဘယ်မြို့နယ်၊ ဘယ်ဒေသ၊ ဘယ်ပြည်သူတစ်ဦးတစ်ယောက်ကမျှ ကိုယ့်နိုင်ငံပြိုကွဲအောင် လုပ်လာတဲ့ အမျိုးသားသစ္စာဖောက်တွေကို မထောက်ခံဘူး၊ မလိုလားဘူးဆိုတာ ဒီနေရာ ဒီဒေသနေ ပြည်သူများကိုယ်စား ကြေညာလိုက်ရပါတယ်ခင်ဗျား။

၄၈မြို့နယ်မှ ပြည်သူတွေက ထောက်ခံတယ်လို့ အထောက်အထားမရှိ၊ အခြေအမြစ်မရှိ ပြောနေရတာကလဲ နိုင်ငံခြားတိုင်းပြည်အချို့က သူတို့ပြည်ပြေးဝရမ်းပြေး ရှမ်းပြည်နယ်စင်ပြိုင်အစိုးရကို အသိအမှတ်ပြုအောင်၊ ထောက်ခံလာအောင် လိမ်လည်လှည့်စားနေတာပဲ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ သူတို့လို ပြည်ပမှာကပ်ရပ်ခိုလှုံ တောင်းရမ်းစားနေရတဲ့ ပြည်ပြေးလက်တစ်ဆုပ်စာလောက်က သူတို့ကိုယ် သူတို့ ပြည်သူကို ကိုယ်စားပြုတဲ့ အစိုးရရယ်လို့ ကြေညာနေရုံနဲ့ ဘယ်လိုလုပ်ပြီး အသိအမှတ်ပြုမှာလဲခင်ဗျား။

ပြီးခဲ့တဲ့ ဧပြီလထဲမှာ စစ်ခမ်းဖရဲ့အပေါင်းပါတွေဟာ SSA ရှက်ဆစ်တို့ရဲ့ သောင်းကျန်းသူ ဘိန်းဓားပြအဖွဲ့နဲ့ပေါင်းပြီး ရှမ်းပြည်နယ် မြို့နယ်အချို့မှ လူထုက သူတို့ကို ထောက်ခံသယောင် မလိမ့်တပတ်လုပ်ရပ်တွေ၊ အဓမ္မလုပ်ရပ်တွေနဲ့ လှည့်ဖြားလုပ်ကြံပြီး ဝါဒဖြန့်ခဲ့ကြပါတယ်။ အမှန်တကယ်ကတော့ ကျွန်တော်တို့ မိုင်းနောင်မြို့နယ် လူထုအပါအဝင် ရှမ်းပြည်နယ်တစ်ဝန်းမှ မည်သည့်မြို့နယ်၊ မည်သည့်ကျေးရွာ၊ မည်သူတစ်ဦးတစ်ယောက်ကမျှ စစ်ခမ်းဖနဲ့အဖွဲ့ရဲ့ ဒီလို မျိုးဖျက်လုပ်ရပ်၊ ပြည်ဖျက်လုပ်ရပ်မျိုးကို မထောက်ခံကြပါဘူး။

ကျွန်တော်တို့ မိုင်းနောင်မြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူတွေဟာ အဲဒီ မသမာသူအုပ်စုရဲ့ မှားယွင်းသောလုပ်ရပ်ကို မကျေနပ်ကြောင်းနဲ့ ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချကြောင်း ပြည်သူ့သဘောထားကို ပြသဖို့အတွက် အခုလိုစုဝေးပြီး လူထုအစည်းအဝေးကြီး ကျင်းပရခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ပြည်ပြေးစစ်ခမ်းဖနဲ့အပေါင်းပါတစ်စုရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ကျွန်တော်တို့ မိုင်းနောင်မြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူများက တစ်ခဲနက် ဆန့်ကျင်ရှုတ်ချလျက်ရှိနေပါကြောင်းနဲ့ ပြည်ထောင်စုမပြိုကွဲရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့အတူ အသက်ပေးပြီး ကာကွယ်စောင့်ရှောက်သွားမယ်ဆိုတဲ့အကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျား။ ။

သဘာပတိ မိန့်ခွန်းပြောကြား

ပြည်ပြေး စစ်ခမ်းဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးတွင် သဘာပတိ ဦးစိုင်းအုန်းခေါင်က အဖွင့်မိန့်ခွန်း ပြောကြားစဉ်။

(သတင်းစဉ်)

ထို့နောက်အဆိုရှင်ဦးစိုင်းထောက်၏ “ပြည်ပြေးစစ်ခမ်းဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း”အဆိုကို မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဒေါ်နန်းဆိုင်ဟိန်းက ထောက်ခံဆွေးနွေးသည်။

(ထောက်ခံဆွေးနွေးချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် မိုင်းနောင်မြို့နယ် ဟင်ဟဲကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးပညာစာမိနှင့် မတ်တီးရွာမှ နတ်ဆရာ ဦးစလေးစုတို့က မိန်းစင်ဦးစီးသော SSAသောင်းကျန်းသူတို့က လဲချားမြို့နယ် ဝမ်ပန်ကျေးရွာနှင့် မိုင်းနောင်မြို့နယ် မိုင်းရဲကျေးရွာအုပ်စုတို့မှ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ရိုးသားမှုအပေါ် အခွင့်ကောင်းယူ၍ အဓမ္မခေါ်ယူလူစုခြင်း၊ နတ်ကန်တော့ပွဲအား ရှမ်းပြည် တည်ထောင်မှုနှင့်လွတ်လပ်ရေးကြေညာခြင်း ထောက်ခံပွဲသဏ္ဌာန် မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆန့်ကျင်ရှုတ်ချကြောင်း ရှင်းလင်းတင်ပြပြီး ယခုကျင်းပသော လူထုအစည်းအဝေးကြီး၏ အဆိုပြုချက်နှင့် ထောက်ခံဆွေးနွေးချက်တို့ကို အလေးအနက်ထောက်ခံကြောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ လဲချားမြို့နယ် ဝမ်ပန်ကျေးရွာ သီရိမင်္ဂလာကျောင်း ဆရာတော် ဦးတေဇိန္ဒ၊ ဝမ်ပန်ကျေးရွာနေ ဦးဇဝန၊ နောင်ယာဆိုင်းကျေးရွာနေ ဦးနန္ဒော(ခေါ်)ဦးလုံးဟိန်တောနှင့် တတ်မောက်ကျေးရွာနေ ဦးစိုင်းတို တို့က လဲချားမြို့နယ် ဝမ်ပန်ကျေးရွာ၌ မိန်းစင်ဦးစီးသော SSAသောင်းကျန်းသူတို့၏ အဓမ္မခေါ်ဆောင်မှုကြောင့် ဝမ်ပန်ကျေးရွာနတ်စင်တွင် မလိမ့်တပတ်ပြုလုပ်သော အခမ်းအနား၌ သောင်းကျန်းသူတို့အလိုကျ စင်မြင့်ပေါ်သို့တက်ရောက်ခဲ့ရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ပြည်ပြေးစစ်ခမ်းဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လုံးဝဆန့်ကျင်ရှုတ်ချကြောင်း ပြောကြားကြသည်။

ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော ရှမ်းပြည် တပ်မတော် (SSA) တပ်မဟာ(၇)မှ ဦးစိုင်းဦးဆိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော တိုင်းရင်းသားအဖွဲ့ ၁၀ ဖွဲ့ ကိုယ်စား ပြည်ပြေးစစ်ခမ်းဖတို့၏ လုပ်ရပ်သည် ပြည်ထောင်စုကြီး ပြိုကွဲစေရန်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာနိုင်သဖြင့် လုံးဝလက်မခံ ဆန့်ကျင်ရှုတ်ချကြောင်း ဆွေးနွေးပြောကြားသည်။

အတည်ပြုပြောကြား

ဆက်လက်၍ သဘာပတိဦးစိုင်းအုန်းခေါင်က ယနေ့ကျင်းပသောလူထုအစည်းအဝေးကြီးတွင် အဆိုရှင် ဦးစိုင်းထောက်၏ တင်သွင်းသွားသည့် “ပြည်ပြေးစစ်ခမ်းဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာချက်အား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း”အဆိုကို ဒေါ်နန်းမီး၊ ဦးစိုင်းမိုးကျော်သူနှင့် ဒေါ်နန်းဆိုင်ဟိန်းတို့က အသီးသီး ထောက်ခံဆွေးနွေးသွားကြပြီးဖြစ်သဖြင့် ယင်းအဆိုကို လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားပြည်သူပရိသတ်ကြီး၏ သဘောတူညီမှုကို တစ်ခဲနက်ရယူပြီး လူထုအစည်းအဝေးကြီးက အတည်ပြုကြောင်း ကြေညာသည်။

ပြည်ပြေးစစ်ခမ်းဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။ (သတင်းစဉ်)

ထို့နောက် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ အခမ်းအနားသို့တက်ရောက်လာကြသော တိုင်းရင်းသားပြည်သူများသည် ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်ကြကာ မိုင်းနောင်မြို့နယ်တွင် ကျင်းပသည့် **“ပြည်ပြေးစစ်ခမ်းဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ”** လူထုအစည်းအဝေးကြီးကို နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အငြိမ်းစားတို့ စကားဝိုင်း (၁၀)

ဟိန်းမြင့်

၁၂-၄-၂၀၀၅ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် စယ်အူကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သော ရှမ်းပြည်အမျိုးသားတပ်မတော် SSNAဦးကန်နှ ဦးစီးတပ်မဟာ(၁၁)၏ ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်သော အခမ်းအနားတွင် SSNAတပ်မဟာ(၁၁)မှ တပ်မဟာမှူး ဦးကန်န၊ ဒုတိယတပ်မဟာမှူး ဦးအိန္ဒာ၊ တပ်မဟာ(၁၁) လက်အောက်ခံ အမှတ်(၁၉)တပ်ရင်းမှူး ဦးစိုင်းဖုန်း၊ အမှတ်(၂၅) တပ်ရင်းမှူး ဦးခမ်းမွန်၊ အမှတ်(၂၇) တပ်ရင်းမှူး ဦးပွမ်ဝမ်းအပါအဝင် တပ်ဖွဲ့ဝင်စုစုပေါင်း ၁၇၆ဦး တက်ရောက်၍ လက်နက်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးထံသို့ အပြီးအပိုင် အပ်နှံခဲ့ကြပါသည်။

ထိုနည်းတူစွာ ၂၉-၄-၂၀၀၅ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့၌ ဦးအိုက်မုန်းခေါင်းဆောင်သော ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ PSLA ၏ ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကျင်းပခဲ့ရာ PSLA ခေါင်းဆောင်ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံး၊ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်၊ တပ်ရင်းမှူး အဆင့်ရှိ ဦးအိုက်ဆာမ်၊ ဦးဟန်သိန်း၊ ဦးအောင်ပေ၊ ဦးပန်စီယ အပါအဝင် တပ်ဖွဲ့ဝင် စုစုပေါင်း ၈၄၃ဦးတို့ တက်ရောက်ကြကာ လက်နက်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့ထံ အပ်နှံခဲ့ကြပါသည်။

ကျွန်တော်တို့ အငြိမ်းစားတစ်သိုက် စဝ်ခမ်ဖ၏တိုင်းပြည်ဖျက်ဆီးရေးလုပ်ရပ်များကို စကားဝိုင်းဖွဲ့ဆိုနေစဉ် နံနက်စာထမင်းစားချိန်ရောက်၍ စကားဝိုင်းကို ခေတ္တရပ်နားခဲ့ရာမှ ထမင်းစားအပြီးတွင်မူ လက်ဖက်သုပ်၊ ရေနွေးကြမ်းတို့ဖြင့် အဆိုပါ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်ခဲ့ကြမှုများနှင့် ပတ်သက်၍ စကားဝိုင်းဆက်မိကြပြန်ပါသည်။

“SSNAဦးကန်နအဖွဲ့နဲ့ PSLAဦးအိုက်မုန်းအဖွဲ့တို့ရဲ့ ရဲဝံ့ပြတ်သားခိုင်မာစွာဆုံးဖြတ်ပြီး ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်ခဲ့တဲ့ သတင်းကတော့ မင်္ဂလာအရှိဆုံး သတင်းတွေပဲဟေ့”

“နိုင်ငံအတွက်ရော၊ တိုင်းရင်းသားပြည်သူများအားလုံးအတွက်ရော၊ အထူးသဖြင့် သိန်းနီနဲ့မိုင်းတုံ၊ နမ့်ဆန်ဒေသခံပြည်သူတွေ အားလုံးအတွက်ပါ အားတက်ဝမ်းသာ ကြည်နူးဖွယ်ရာပဲ”

“ပြည်သူပြည်သားများအားလုံး လိုလားတောင့်တနေတဲ့ ဆန္ဒအမှန်ဖြစ်တဲ့ ငြိမ်းချမ်းရေးအစစ်အမှန်ကို ဒေသခံပြည်သူတွေ ပြည့်ပြည့်ဝဝကြီး ခံစားနေကြရမှာကို မြင်ယောင်ပြီး သူတို့အတွက် ဝမ်းသာကြည်နူးရသလိုပဲ ဦးကန်နနဲ့ ဦးအိုက်မုန်းတို့အဖွဲ့ကိုလဲ ကြိုဆိုဂုဏ်ပြုချီးကျူးပါတယ်”

“အခုလို ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင် လဲလှယ်ခဲ့တဲ့ လုပ်ရပ်တွေနဲ့ စဝ်ခမ်ဖအဖွဲ့၊ စဝ်ခမ်ဖအဖွဲ့နဲ့ ဆက်စပ်ဆက်နွှယ်နေတဲ့ အဖွဲ့တွေရဲ့ လုပ်ရပ်တို့ကို ယှဉ်ကြည့်ရင် ဘယ်ဟာက အပြု၊ ဘယ်ဟာက အဖျက်လုပ်ရပ်ဆိုတာ ထင်ထင်ရှားရှား သဲသဲကွဲကွဲ မြင်နိုင်ပါတယ်”

“ဒါကြောင့် ပြည်သူများနဲ့ အဖွဲ့အစည်းအသီးသီးတို့က အပြုလုပ်ရပ်တွေကို ဝမ်းသာအားရစွာ ကြိုဆိုဂုဏ်ပြု ချီးကျူးထောက်ခံနေကြသလို စဝ်ခမ်ဖရဲ့ အဖျက်လုပ်ရပ်တွေကို ဝိုင်းဝန်းရှုတ်ချ ကန့်ကွက် ဆန့်ကျင်နေကြတာပေါ့”

“ဦးကန်နရဲ့ ပြောကြားချက်မှာ ၁၉၇၆ခုနှစ်ကစပြီး အတွေးအခေါ် ကျဉ်းမြောင်းစွာနဲ့ လက်နက်ကိုင်လမ်းစဉ်ကိုစွဲကိုင်ပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။ ၁၉၈၅ခုနှစ်မှာ ဥပဒေဘောင်အတွင်း ပြန်လည်ရောက်ရှိလာခဲ့တယ်။ ဒါပေမယ့် နှစ်ပေါင်းများစွာက ကိုလိုနီအမွေဆိုးဖြစ်တဲ့ သွေးခွဲအုပ်ချုပ်မှုအစဉ်အလာနဲ့ ပဒေသရာဇ်အာဏာနဲ့ အုပ်ချုပ်မှုအစွဲအလမ်းကြောင့် နိုင်ငံတော်အစိုးရအဆက်ဆက်အပေါ် အပြည့်အဝယုံကြည်မှုမရှိခဲ့လို့ လက်နက် စွဲကိုင်မှုကိုမစွန့်လွှတ်ဘဲ အစိုးရနဲ့ပူးပေါင်းပြီး ပြည်သူ့အကျိုးကို ဆောင်ရွက်တယ်ဆိုတဲ့ မပြတ်သားတဲ့ လုပ်ရပ်နဲ့ဘဲ ရပ်တည်ခဲ့တယ်လို့ ဆိုတယ်”

“အခုတော့ လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်တဲ့အတွက် ဒေသခံပြည်သူတွေရဲ့အကျိုးကို ဆောင်ရွက်ရမယ့်အစား ပြည်သူတွေထံက အခွန်နဲ့ ဆက်ကြေးတွေကို ကောက်ခံပြီး စားသောက်နေသရွေ့ ပြည်သူကို အကျိုးမပြုနိုင်ဘူးဆိုတာကို နားလည်လာပြီဖြစ်တယ်။ တပ်မတော်အစိုးရ အနေနဲ့ တစ်တိုင်းပြည်လုံးတွင် ဖွံ့ဖြိုးရေးဒေသကြီးတွေသတ်မှတ်ပြီး ရှမ်းပြည်နယ်မှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ ဖွံ့ဖြိုးတိုးတက်အောင် နေ့ချင်း၊ ညချင်း အရှိန်အဟုန်နဲ့ ဆောင်ရွက်ပေးနေတာတွေကို တွေ့နေရတဲ့အတွက် လက်နက်စွဲကိုင်ထားတဲ့ လမ်းစဉ်အပေါ် ပြန်လည်သုံးသပ်နေမိတာ ကြာပြီဖြစ်တယ်။ ဒီကနေ့ အမျိုးသားညီလာခံက ရေးဆွဲနေတဲ့ အခြေခံမူများဟာ တစ်ချိန်က ကျွန်တော်တို့ လိုချင်တောင့်တခဲ့တဲ့ လူမျိုး၊ ဘာသာ မခွဲခြားဘဲ ကွာဟမှု အနည်းဆုံး အခွင့်အရေးရရှိကြမှာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်တွေ၊ စေတနာတွေအပေါ် သံသယမရှိ အကြွင်းမဲ့ ယုံကြည်လာခဲ့ပြီဖြစ်တယ်။ ဒါကြောင့် တစ်ချိန်က မှားယွင်းစွာထားခဲ့တဲ့ လူမျိုးရေးအမြင်ကျဉ်းမြောင်းတဲ့ စိတ်ဓာတ်နဲ့ နိုင်ငံတော်အစိုးရအပေါ် ထားရှိခဲ့တဲ့ သံသယစိတ်တွေ ကင်းစင်လာပြီး မည်သူ့တိုက်တွန်းချက်မှုမပါဘဲ နှစ်ပေါင်းများစွာ ကိုင်စွဲလာတဲ့ လက်နက်တွေကို နိုင်ငံတော် အစိုးရထံ အပြီးအပိုင် အပ်နှံခြင်းဖြစ်ပါတယ်လို့ ဆိုခဲ့တယ်”

“သံသယတွေပျောက်ကာ အမြင်အတွေးတွေ မှန်ကန်လာလို့ အခုလို လုပ်ရပ်မှန်ကို ရဲရဲဝံ့ဝံ့ ခိုင်ခိုင်မာမာဆုံးဖြတ်ပြီး နှစ်ပေါင်း(၂၉)နှစ်ကျော် ကိုင်ဆောင်ထားတဲ့ လက်နက်တွေကို အပြီးအပိုင်အပ်နှံခဲ့တာ ချီးကျူးစရာပဲ”

“မည်သူ့တိုက်တွန်းချက်မှုမပါဘဲ ဒေသခံပြည်သူတွေနဲ့ အကျိုးစီးပွားအတွက် ပြန်လည်အလုပ်အကျွေးပြုဖို့၊ တစ်နည်းပြောရရင် ပြည်သူတွေရဲ့ အကြွေးတွေကို ပြန်ဆပ်ဖို့ ရဲဝံ့ခိုင်မာစွာ ဆုံးဖြတ်လုပ်ဆောင်ခဲ့မှုကို ပြည်ပအသံလွှင့်ဌာနတွေက ဖိအားပေးခံရလို့ဆိုပြီး သားပုပ်လေလွင့်ပြောကြားသွားတာကိုလဲ ကြားလိုက်ရတယ်။

“အေး-နိုင်ငံအကျိုးဖြစ်ထွန်းဖို့ လုပ်ဆောင်ဖြစ်ပေါ်လာတဲ့ ကိစ္စရပ်မှန်သမျှကို ပြည်တွင်းပြည်ပ အဖျက်သမားတွေနဲ့ ပြည်ပအသံလွှင့်ဌာနတွေက ဘယ်တော့မှ အကောင်းမပြော၊ အကောင်းမမြင်ဘဲ ကဖျက်ယဖျက် လုပ်ခဲ့တာ ထုံးစံပဲဟ။ အဖျက်လုပ်ရပ်ဆိုရင်တော့ ချက်ချင်းအားပေးပံ့ပိုး၊ လုပ်ကြံပြောဆို၊ ဖာထေးလုပ်ကိုင်ပေးနေတာလဲ ဒို့တွေအမြင်ပဲဟာ”

“PSLAဦးအိုက်မုန်းတို့ ငြိမ်းချမ်းရေးနဲ့ လက်နက်လဲလှယ်တဲ့ သတင်းကို ဝမ်းသာအားရနဲ့ ရုပ်မြင်သံကြားမှာ ကြည့်နေချိန်မှာပဲ BBCအသံလွှင့်ဌာနက အမည်မဖော်လိုသူ PSLA အဖွဲ့ဝင်တစ်ဦးဆိုသူနဲ့ ဖုန်းနဲ့ ဆက်သွယ်မေးမြန်းခန်းကို လွှင့်ထုတ်သွားတဲ့နေရာမှာ တိုင်းရင်းသားတို့ရဲ့ လိုလားချက်ကို မရမီမှာ အရင်လက်နက်စွန့်တဲ့ကိစ္စကို ထောက်ပြမေးမြန်းသွားတာကြားလိုက်ရလို့ ငါ့စိတ်ထဲမှာ တော်တော်ခံပြင်းလိုက်ရတယ်။ ဘယ့်နှယ်ကွာ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ မုဒိတာပွားပြီး ကြိုဆိုထောက်ခံရမယ့်အစား ကဖျက်ယဖျက်မေးခွန်းတွေ ထုတ်သွားတာ အဖျက်သမားပီသပါပေတယ်”

“PSLA ဥက္ကဋ္ဌ ဦးအိုက်မုန်းရဲ့ ပြောသွားချက်မှာ ရှေးယခင်တုန်းက ပလောင်တိုင်းရင်းသားများ နေထိုင်ရာ နယ်မြေဒေသအတွင်း လက်နက်ကိုင် အင်အားစုတွေအားပြိုင်လွှမ်းမိုးနေပြီး ကွဲကွဲပြားပြားရှိနေတဲ့ လက်နက်ကိုင် အင်အားစုများအောက်မှာ ပလောင်တိုင်းရင်းသားများဟာ စုစည်းနေထိုင်နိုင်ခြင်း မရှိတော့ဘဲ ဘဝလုံခြုံမှုနဲ့ နယ်မြေအေးချမ်းတည်ငြိမ်မှုပျက်ပြား၍ အတိဒုက္ခကြီးစွာ တွေ့ကြုံခဲ့ရကြောင်း၊ ပလောင်တိုင်းရင်းသားများရဲ့ ဘဝနဲ့ အသက် အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ဖို့၊ စည်းလုံးညီညွတ်မှုရရှိစေဖို့ ဦးဆောင် ပေးနိုင်မယ့် အဖွဲ့အစည်းအဖြစ် ၁၉၆၃ခုနှစ်မှာ ပလောင်အမျိုးသားတပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၇၆ခုနှစ်မှာ ပလောင်ပြည်နယ်လွတ်မြောက်ရေး အဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပလောင်ဒေသအတွင်း လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၁ခုနှစ်မှာ တပ်မတော်အစိုးရရဲ့ မှန်ကန်ဖြူစင်သော စိတ်ရင်းစေတနာတို့ကြောင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေး ခဲ့ပြီး ဥပဒေဘောင် အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြောင်း၊ ယခုအခါတွင် တစ်ချိန်က မှားယွင်းစွာထားခဲ့တဲ့ လူမျိုးရေးအမြင်ကျဉ်းမြောင်းတဲ့ စိတ်ဓာတ်နဲ့ သံသယစိတ်တွေ ကင်းစင်လာပြီး မည်သူ့တိုက်တွန်းချက်မှုမပါဘဲ နှစ်ပေါင်းများစွာကိုင်စွဲလာခဲ့တဲ့ လက်နက်ကို နိုင်ငံတော်အစိုးရထံ အပြီးအပိုင် အပ်နှံခြင်း ဖြစ်ကြောင်း၊ ယခုလို လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခြင်းဟာ နောင်အနာဂတ်ကာလများတွင် နောင်လာနောက်သား သားစဉ်မြေးဆက်ကို ကောင်းမွေတွေ ပေးထားနိုင်စေဖို့၊ ကောင်းကျိုးချမ်းသာတွေဖြစ်ထွန်းစေဖို့အတွက် ကြိုးပမ်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း ပါရှိတာတွေ့ရတယ်’

“SSNAက ဦးကန်နနဲ့ ဦးပွမ်ဝမ်း၊ ဒေသခံတိုင်းရင်းသားများကိုယ်စား ရှမ်းတိုင်းရင်းသူ ဒေါက်တာ ဖြူဖြူ၊ PSLAက ဦးအိုက်မုန်းနဲ့ ဦးမိုင်းအုဏ်းခိုင်၊ ဒေသခံ မိုင်းတုံ၊ နမ့်ဆန်တိုင်းရင်းသားများကိုယ်စား တအောန်းပလောင်တိုင်းရင်းသား ဦးခွန်ပွင့်နဲ့ တိုင်းရင်းသူ မနန်းမြစိန်တို့ရဲ့ ပြောကြားသွားတဲ့ စကားများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ကြည့်ရင် ကာလအပိုင်းအခြားသုံးခုမှာ ကြုံတွေ့ခံစားရမှုတွေကို ပွင့်ပွင့်လင်းလင်း ပြောသွားကြတယ်လို့ ဆိုရမယ်”

“မင်းရဲ့ အမြင်ကာလ အပိုင်းအခြားသုံးခုကို ရှင်းစမ်းပါဦး”

“ပထမအပိုင်းက နိုင်ငံတော်အစိုးရကို လက်နက်စွဲကိုင် ဆန့်ကျင်ပုန်ကန်ခဲ့တဲ့ကာလအပိုင်း၊ ဒုတိယအပိုင်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး နိုင်ငံတော်အစိုးရနဲ့အတူ လက်တွဲပူးပေါင်း၍ ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နေတဲ့ကာလ၊ တစ်နည်းပြောရရင် လက်နက်စွဲကိုင်မှုကို မစွန့်လွှတ်သေးဘဲ ယုံကြည်မှုတည်ဆောက်နေတဲ့ကာလ၊ တတိယအပိုင်းကတော့ ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်ပြီးတဲ့ ကာလအပိုင်းဆိုပြီး ကာလအပိုင်းအခြား သုံးခုခွဲပြီး မြင်နိုင်တယ်”

“လက်နက်စွဲကိုင် ဆန့်ကျင်ပုန်ကန်ခဲ့ရမှုကို ကိုလိုနီနယ်ချဲ့ရဲ့ သွေးခွဲအုပ်ချုပ်မှုနဲ့ ပဒေသရာဇ်စနစ် အမွေဆိုးတို့ကြောင့် လူမျိုးရေးအမြင် ကျဉ်းမြောင်းခဲ့ကြမိလို့ လက်နက်စွဲကိုင် ဆန့်ကျင်ပုန်ကန်ခဲ့ကြရတယ်လို့ မှန်ကန်တဲ့အမြင်တွေကို ဖော်ထုတ်ပြောသွားခဲ့ကြတာကို တွေ့ရတယ်”

“ပုန်ကန်သောင်းကျန်းခဲ့မှု ကာလရှည်ကြီးတစ်လျှောက်လုံးမှာ ဒေသခံတိုင်းရင်းသားလူမျိုးတွေအပေါ် နှိပ်စက်ညှဉ်းဆဲရာ ရောက်ခဲ့ရုံသာမက တိုးတက်ဖွံ့ဖြိုးမှုကိုပါ နှောင့်နှေးရပ်တန့်စေခဲ့ကြောင်း၊ ဒေသနယ်မြေအတွင်း တိုက်ပွဲတွေမကြာခဏဖြစ်ပြီး ပြည်သူတွေထိခိုက်ဒဏ်ရာရ၊ သေဆုံးခဲ့ရမှုတွေကြောင့် အတိဒုက္ခရောက်ခဲ့ကြရကြောင်း၊ လုံးဝအမှောင်ဖုံးလွှမ်းနေတဲ့ အချိန်ကာလကြီးသာဖြစ်ကြောင်း၊ ဒေသခံတွေဟာ မိတကွဲဖတကွဲ၊ သားတကွဲ မယားတကွဲနဲ့ပြေးပြေးလွှားလွှား ကျီးလန့်စာစားနေရလို့ မလုံခြုံ မအေးချမ်းတဲ့ ဘဝများနဲ့ ရှင်သန် ရပ်တည်ခဲ့ရကြောင်း၊ သွားချင်ရာ မသွားရ၊ မသွားရဲတဲ့ဘဝ၊ စားချင်တိုင်း မစားရတဲ့ဘဝနဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေမှာ တိုးတက်မလာတဲ့အပြင် ဆုတ်ယုတ်ကျဆင်းခဲ့ရတဲ့ အခြေအနေတွေနဲ့ ကြုံတွေ့ ခံစားခဲ့ကြရကြောင်း၊ မိဘများလဲ စီးပွားရေးကို လွတ်လွတ်လပ်လပ် မရှာဖွေနိုင်၊ သားသမီးများလဲ ကောင်းကောင်းမွန်မွန် ပညာမသင်ကြားနိုင်၊ ရှမ်းလူမျိုး၊ ရှမ်းပြည်နယ်အတွက်ဆိုပြီး တောထဲမှာလက်နက်ကိုင်တော်လှန်နေကြတဲ့သူတွေကိုလဲ ဆက်ကြေးနဲ့ အခွန်အကောက် အမျိုးမျိုးတွေကို မပေးချင်ပေမယ့် ကြောက်ရတာမို့ ရှိစုမဲ့စုထဲက ဖဲ့ပေးခဲ့ကြရကြောင်း၊ သောင်းကျန်းသူတွေရဲ့ မိဘတွေ၊ မောင်နှမသားချင်းတွေ၊ ဇနီးသည်တွေ ဆိုရင်လဲ တောထဲမှာလက်နက်ကိုင်ဆောင်နေကြတဲ့ သားတွေ၊ မောင်တွေ၊ ခင်ပွန်းယောကျ်ားတွေ ဘာများဖြစ်မလဲ၊ ဘာသတင်းများ ကြားရမလဲ ဆိုတာတွေကို အမြဲတွေးတော စိုးရိမ်ပူပန်ခဲ့ကြရကြောင်း၊ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသား ပြည်သူတွေအနေနဲ့ အမှန်တကယ်လိုလားတောင့်တနေတဲ့ လွတ်မြောက်ရေးဟာ လက်နက်ကိုင် သောင်းကျန်းသူများရဲ့ ဖိနှိပ်ချုပ်ချယ်မှုနဲ့ ဝန်ထုပ်ဝန်ပိုးအောက်က လွတ်မြောက်ချင်စိတ်သာ ဖြစ်ကြောင်းစသည်ဖြင့် အဘက်ဘက်က နစ်နာဆုံးရှုံးခဲ့ရမှုတွေ၊ အတိဒုက္ခရောက်ခဲ့ရမှုတွေကို ပွင့်လင်းစွာ ပြောကြားသွားခဲ့ကြတာ တွေ့ရတယ်”

“ဒို့တစ်တွေ ပြည်တွင်းစစ်မီးအောက်မှာ မနေခဲ့ကြရပေမယ့် နေခဲ့ကြရသူတွေရဲ့ ကြေကွဲဝမ်းနည်းဖွယ်ရာ ခံစားရမှုတွေကို ကိုယ်ချင်းစာစိတ်နဲ့ နားလည်ခံစားနိုင်ပါတယ်”

“စစ်မီးအောက်မှာ မနေခဲ့ကြရပေမယ့် စစ်မီးတောက်လောင်မှုရဲ့ အပူရှိန်ကိုတော့ ဒို့နိုင်ငံသူ နိုင်ငံသားတွေအားလုံး ခံစားခဲ့ကြရတာပဲ မဟုတ်လား။ အရင်တစ်ချိန်က ရထားလမ်း၊ ကားလမ်း၊ ရေကြောင်းလမ်းတွေမှာ မိုင်းထောင်ဗုံးခွဲ ပစ်ခတ်တိုက်ခိုက် လုယက်ခဲ့ကြတဲ့ ဒဏ်တွေကို အပြစ်မဲ့ ပြည်သူတွေ ခံစားခဲ့ကြရဖူးတာပဲ”

“ငါ တပ်မတော်သား အရာရှိငယ်ဘဝနဲ့ လားရှိုး၊ မိုးမိတ်ဒေသတွေမှာ စစ်ဆင်ရေးဝင်ခဲ့ဖူးလို့ ရှမ်း၊ ပလောင်လက်နက်ကိုင်အဖွဲ့တွေရဲ့ လှုပ်ရှားရာ နယ်မြေကို ရောက်ရှိခဲ့ဖူးပါတယ်။ အခု ဒေသခံပြည်သူတွေရဲ့ ရင်ဖွင့်ပြောကြားချက်တွေက အမှန်တွေပဲဟ၊ အပိုမရှိဘူး လို့တာပဲရှိမယ်”

“အေး-ငါတို့က နယ်ဘက်ဝန်ထမ်းဘဝကနေ အေးချမ်းတဲ့ နယ်မြေတွေမှာပဲ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြတာမို့ သောင်းကျန်းမှုရဲ့ဒဏ်ကို ပြည်သူတွေ ဘယ်လောက်အထိ ခံခဲ့ရသလဲဆိုတာ ကိုယ်တွေ့မရှိခဲ့ဘူး။ အခုမှပဲ ဒေသခံပြည်သူတွေရဲ့ ရင်ဖွင့်ပြောကြားခဲ့တာတွေကို ကြားသိမြင်တွေ့ခွင့်ရခဲ့တာပဲ”

“အခုဒေသက ပြည်သူတွေရဲ့ ခံစားခဲ့ရမှုတွေဟာ နယ်စပ်ဒေသ သောင်းကျန်းမှုနယ်မြေမှာ နေကြရတဲ့ ဒေသခံပြည်သူတွေရဲ့ ခံစားခဲ့ရမှု၊ အခုထက်တိုင် တချို့နေရာတွေမှာ ခံစားနေရမှုတွေနဲ့ နှိုင်းယှဉ်လိုက်ရင် အများကြီး သက်သာတယ်လို့ ဆိုရမယ်”

“ဟုတ်ပါ့မလားဟ၊ အခု လားရှိုး ကျောက်မဲခရိုင်က ဒေသခံပြည်သူတွေ ခံစားနစ်နာခဲ့ရတာ နည်းနည်းပါးပါးမှ မဟုတ်တာဘဲ”

“ဟုတ်ပဟုတ်ပ၊ အကြားမဟုတ်ဘူး ကိုယ့်တွေ့ဟ၊ ငါကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် နယ်စပ်တွေမှာ နှစ်ပေါင်းများစွာ စစ်ဆင်ရေးနဲ့ နယ်မြေစိုးမိုးရေးတာဝန်တွေကို ထမ်းဆောင်ခဲ့ ဖူးတယ်။ ငါတပ်စုမှူး၊ တပ်ခွဲမှူး တာဝန်ထမ်းဆောင်နေစဉ်က တချို့နယ်မြေတွေမှာဆို သောင်းကျန်းသူတွေက ရွာတွေမှာ မနေရဘူး။ တောထဲမှာ ပုန်းနေရမယ်ဆိုခဲ့လို့ ရွာလုံးကျွတ် ရွာကိုပစ်ပြီး တောထဲမှာ အစုလိုက်ပုန်းအောင်းနေကြရတာ။ နောက်ဆုံးဘယ်လိုမှကြာရှည်မနေနိုင်တော့ ဒို့တပ်မတော်ကို တိတ်တဆိတ်လာသတင်းပို့ ခေါ်ခိုင်းလို့ ငါတို့ကိုယ်တိုင် တပ်နဲ့သွားခေါ်လာပြီး ရွာမှာပြန်နေခိုင်း၊ ဒို့တပ်မရှိတော့ဘူး တခြားနေရာရောက် သွားပြီဆိုတာနဲ့ တစ်ခါတောထဲပြန်ပြောင်းနဲ့ တော်တော်ဒုက္ခရောက်ခဲ့ကြတာတွေလဲ ကိုယ်တွေ့ကြုံဖူးတယ်။ တချို့နယ်မြေက ပြည်သူတွေဆို ပြောင်းနဲ့ပိန်းဥ၊ မျောက်ဥကိုပဲ အနိုင်နိုင်စားနေရတယ်။ ကိုယ်ပေါ်မှာလဲ ဖာထေးထားတဲ့ အဝတ်ပဲ ဝတ်ဆင်နိုင်ပြီ လဲစရာအပိုအဝတ်တောင်မရှိတဲ့ ဘဝမျိုး ဖြစ်နေတာမို့ ဒို့လဲကြောပိုးအိတ်ထဲ အပိုမပါ၊ လိုတဲ့ အဝတ်လောက်သာ သယ်ယူ ထမ်းပိုးလာခဲ့တဲ့အထဲက ရသလောက်မျှပေး၊ ကိုယ်ရတဲ့ ရိက္ခာထဲက ခွဲဝေကျွေးခဲ့ရဖူးတယ်”

“အဲဒီနယ်မြေရဲ့ သဘာဝရှုခင်းတွေက အလွန်သာမောဖွယ်ရာပဲ။ ဒါပေမယ့် ဒေသခံပြည်သူတွေရဲ့ ဘဝကတော့ မျိုးနွယ်တူ လက်နက်ကိုင်သောင်းကျန်းသူ

စာမျက်နှာ ၁၁ ကော်လံ ၁သို့

ပြည်သူလူထုအတွက် ပြည်သူလူထု လွတ်မြောက်ရေး၊ တိုးတက်ရေးဆိုပြီး ကြွေးကြော်ခဲ့ကြတဲ့ လက်နက်ကိုင်သောင်းကျန်းသူတွေဟာ တကယ်တော့ ပြည်သူလူထုအတွက်မဟုတ်ဘဲ သူတို့အတွက် သူတို့လုပ်နေကြတာပဲ ဖြစ်တယ်။ လက်တွေ့မှာ ပြည်သူလူထုကို အမှန်တကယ် ဝန်ထုပ်ဝန်ပိုးပေးနေကြတာ ဖြစ်ပါတယ်။

12-5 (10).p65 1 3/27/05, 7:53 AM

● *ကျောဖုံးမှ*

ပြည်ပကျူးကျော်မှုရှိတိုင်းလဲ သွေးစည်းလက်တွဲပြီး တွန်းလှန်ချေမှုန်းခဲ့သလို လွတ်လပ်ရေးကိုလဲ မရမနေ ပြန်ယူနိုင်ခဲ့ပါတယ်။

နယ်ချဲ့ဆိုးမွေပယောဂကြောင့် အချင်းချင်းသွေးကွဲပြီး တိုက်ကြ ခိုက်ကြ ဖြစ်ခဲ့တဲ့ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့် ရာစုနှစ် တစ်ဝက်နီးပါးမှာ ပြည်သူတွေအိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်း မစားခဲ့ကြရပါဘူး။ ဆက်ကြေးပေးရ၊ သားမွေးလာရင် သောင်းကျန်းသူတွေရဲ့ လူသစ်အဖြစ် ဆွဲခေါ်တာခံရနဲ့ သမင်မွေးရင်း ကျားစားရင်းဆိုသလို ဖြစ်ခဲ့ရပါတယ်။

သဘာပတိကြီးရှင့်–

ဒီကနေ့ခေတ်ကာလမှာ ပြည်ထောင်စုကြီးဟာ ငြိမ်းချမ်းသာယာလာနေပါပြီ။ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်နေပါပြီ။ ပြည်ထောင်စုကြီးဟာ ပန်းမျိုးစုံ သင်းထုံမွှေးကြိုင် ပွင့်ပန်းတွေလှိုင်တဲ့ ဥယျာဉ်ကြီးတစ်ခုပမာ တင့်တယ်ခံ့ညားစပြုနေပြီဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအလင်းရောင်အောက်မှာ နိုင်ငံတော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ လူနေမှုဘဝမြင့်မားစေဖို့ ပုံအောပြီး အင်တိုက်အားတိုက်ဖော်ဆောင်ပေးခဲ့ပါတယ်။ နယ်စပ်ဒေသ စီမံကိန်းတစ်ခုတည်းမှာပင် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၆၅၀၀၀ ကျော် အကုန်အကျခံပြီး အကောင်အထည်ဖော်ပေးနေလို့ နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်လာနေတာဟာ ဒီရေအလားပါပဲရှင့်။

အရေးကောင်းရင် ဒိန်းဒေါင်းဖျက်ဆိုတဲ့စကားလိုပဲ နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှု အပေါင်းလက္ခဏာတွေ ထပ်ဆင့်ဖြစ်ထွန်းလာလို့ တိုင်းရင်းသားတွေ ပျော်တပြုံးပြုံး ပီတိဖုံးနေချိန်မှာ သခွတ်ပင်က မီးတကျည်ကျည်ဆိုသလို အဖျက်သမားပုဆိန်ရိုးတွေက နှောင့်ယှက်လာနေတာ တွေ့ရပါတယ်။ နယ်ချဲ့သမားအလိုကျ လိုက်လုပ်ပြီးနေရတဲ့ SSAအပါအဝင် လက်ကျန်သောင်းကျန်းသူတွေက အကြမ်းဖက်တိုက်ခိုက်လိုက်၊ ပြည်ပြေးသစ္စာဖောက်တွေက ပြည်ထောင်စုပြိုကွဲအောင် ကြံစည်လိုက်နဲ့ အတိုင်အဖောက် လုပ်နေကြတာ တွေ့ရပါတယ်။

ခုဆိုရင် ပြုံးပျော်နေတဲ့ပြည်သူတွေရဲ့မျက်နှာမှာ ဒေါသရိပ်တွေ လွှမ်းလာနေပါတယ်။ ဒါကတော့ စော်ဘွားမျိုးနွယ် ပြည်ပြေးအုပ်စုတစ်စုကို စဝ်ခမ်ဖ ဆိုသူကဦးစီးပြီး ရှမ်းသမ္မတနိုင်ငံ ထူထောင်တယ်ဆိုတဲ့ မကြံကောင်း မစည်အပ်တာကို ကြံစည်လုပ်ဆောင်လာလို့ပဲ ဖြစ်ပါတယ်။

ကျွန်မတို့ မိုင်းနောင်ပြည်သူများ ပိုပြီးဒေါသထွက်ရတာကတော့ အဆိုရှင် တင်ပြသွားတဲ့အတိုင်း ဒီဒေသမှာ စဝ်ခမ်ဖနဲ့အပေါင်းပါ SSA တို့နဲ့ ပတ်သက်တဲ့ အစည်းအဝေးမျိုး မလုပ်ခဲ့ဖူးပါလျက်နဲ့ မိုင်းနောင်လူထုက အစည်းအဝေးကျင်းပပြီး သူတို့ကိုထောက်ခံသယောင် လိမ်ညာဝါဒဖြန့်နေတဲ့ ကိစ္စပဲဖြစ်ပါတယ်။

■ *ကျောဖုံးမှ*

သဘာပတိကြီးခင်ဗျား–

တိုင်းကျိုးပြည်ပြုသမားများက ပြည်ထောင်စုကြီး ထာဝရတည်တံ့ပြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင် အားကြိုးမာန်တက်လုပ်ဆောင်ကြပါတယ်။ တိုင်းဆူပြည်ဖျက် အကြမ်းဖက်အဖျက်သမားများကတော့ ပြည်ထောင်စုကြီးပြိုကွဲပြီး ဆူပူပျက်စီးအောင်၊ ဆင်းရဲဒုက္ခရောက်အောင် မစားရတဲ့ အမဲ သဲနဲ့ပက်သလို လိုက်လုပ်နေတာတွေ့ရပါတယ်။ ပြည်သူ လူထုကတော့ အပြုသဘောကိုပဲကြိုဆိုတယ်၊ အဖျက်သမားကိုတော့ အမြစ်ဖြတ် ချေမှုန်းဖို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်။

ပြည်သူ့သဘောထား (၄)ရပ်မှာ "ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ" လို့ အခိုင်အမာဖော်ပြပြီးဖြစ်ပါတယ်။ ဒီသဘောထား (၄)ရပ်ဟာ ပြည်သူတွေရဲ့ နှလုံးသားခံစားမှုနဲ့ ဦးနှောက်အသိဉာဏ်က စီးဆင်းထွက်ပေါ်လာတဲ့ သဘောထားအမြင်တွေပဲဖြစ်ပါတယ်။

နိုင်ငံကို ပျက်စီးအောင်၊ ပြည်သူ့အကျိုးစီးပွား ပျက်စီးအောင် လုပ်နေသူတွေဟာ အဖျက်သမားတွေပါ။ နိုင်ငံမှာ အေးချမ်းတိုးတက်နေတာကို အပြုသဘောနဲ့ အကောင်းမမြင်နိုင်ဘဲ ဖျက်လိုဖျက်ဆီးလုပ်ဖို့၊ ကဖျက်ယဖျက်လုပ်ဖို့ အမြဲရှုမြင်နေတာဟာ အဆိုးမြင်တာပါပဲ။ ပုဆိန်ရိုးဆိုတာဟာ အမိပင်စည်ကို ခုတ်လှဲပစ်မယ့် ပြည်ပသူခိုး သူဝှက်တို့ရဲ့ လက်ကိုင်တုတ်ပဲ ဖြစ်ပါတယ်။ **တိုင်းဖျက်ပြည်ဖျက်လုပ်မယ့် ပုဆိန်အတွက် အရိုးအဖြစ်အသုံးတော်ခံတဲ့ သစ်သားရိုးဟာ အမိပင်စည်ရဲ့ အကိုင်းတစ်ကိုင်းသာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကို ဖြိုဖျက်မယ့် ပြည်ပအဖျက်သမား နယ်ချဲ့တွေရဲ့ ဗိုလ်ကျစိုးမိုးရေး လက်နက်အဖြစ် အသုံးတော်ခံနေတဲ့ ပြည်ပအားကိုးပုဆိန်ရိုးတွေဟာ အသားထဲက လောက်ထွက်တဲ့ အမျိုးသား သစ္စာဖောက်များသာ ဖြစ်ပါတယ်။**

ဒီကနေ့ ရှမ်းစော်ဘွားအနွယ်ဟောင်း ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါ ပြည်ပြေးတွေ၊ SSA ရွက်ဆစ်တို့လို ဘိန်းစားပြသောင်းကျန်းသူတွေဟာ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားအချင်းချင်း သံသယပွားအောင် ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်နေတာကို သတိပြုရမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုသား ၅၄သန်းဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ အမျိုးသားရေး တာဝန်သုံးရပ်ကို ဦးထိပ်ထားလျက်ရှိပါတယ်။ ပြည်ထောင်စုကို ဖြိုခွဲနေတဲ့၊ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးအောင်လုပ်နေတဲ့ အမျိုးသားသစ္စာဖောက် ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတွေလို ပုဆိန်ရိုးတွေကို ထောက်ခံသူ တစ်ဦးတစ်ယောက်မျှ မရှိပါဘူး။

မိုင်းနောင်မြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူလူထုကလဲ မကြာခဏ အလစ်ဝင်လူသတ်၊ စိတ်ထင်တိုင်းမီးရှို့၊ လိုချင်သမျှလုယက်ပြီး အဓမ္မလူသစ်စုဆောင်းနေတဲ့ အကြမ်းဖက်အဖျက်သမား SSA နဲ့ နယ်ချဲ့နောက်လိုက် ပြည်ပြေးတွေကို လုံးဝမမြင်ချင်၊ မကြားချင်လောက်အောင် စက်ဆုပ်ရွံရှာနေကြပါတယ်။

ဒါ့ကြောင့် အဆိုရှင် ဦးစိုင်းထောက် တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း"**အဆိုကို ဒေသခံပြည်သူတွေရဲ့ခံစားမှုအား ကိုယ်စားပြုပြီး ထောက်ခံလိုက်ပါတယ်ခင်ဗျား။ ။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၁၂

၂၀၀၅ခုနှစ် မေ ၁၂ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆီလ်ဗန်ရှာလော်(မ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မိုင်းနောင်မြို့နယ်မှ ဒေသခံတိုင်းရင်းသားများဟာ ဘယ်တော့မှ ပြည်ထောင်စုထဲက ခွဲထွက်မှာမဟုတ်သလို ခွဲထွက်ဖို့ ကြိုးပမ်းလာသူကိုလဲ လက်ပိုက်ကြည့်နေမှာမဟုတ်ဘဲ ပြည်ထောင်စုဖြိုခွဲသူ ဒို့ရန်သူလို့ ကြွေးကြော်ပြီး ချေမှုန်းသွားမှာဖြစ်ပါတယ်ရှင့်။

သဘာပတိကြီးရှင့်–

ဒါကြောင့်မို့ နယ်ချဲ့လက်ဝေခံတွေရဲ့ ပြောတော့မိုးလားကဲလား၊ လုပ်တော့ မလိမ့်တပတ် မဟားတရားဆိုတဲ့ လုပ်ရပ်ကို စက်ဆုပ်မုန်းတီးနေတဲ့ မိုင်းနောင်လူထု ကိုယ်စား ကျွန်မအနေနဲ့ အဆိုရှင် ဦးစိုင်းထောက် တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း"**အဆိုကို လေးလေးနက်နက် ထောက်ခံလိုက်ပါတယ်ရှင့်။ ။

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

တွေရဲ့ ရက်စက်မှုကြောင့် စီးပွားရေး၊ ကျန်းမာရေး၊ ကလေးတွေ ပညာရေး မဆိုထားနဲ့ စားဝတ်နေရေးမှာ တိရစ္ဆာန်သာသာဘဝမှာပဲ ရှင်သန်ရပ်တည်နေကြရတာ တွေ့ခဲ့ရတာမို့ တော်တော်လေးကို ခံစားခဲ့ရပြီး ယူကျုံးမရဖြစ်ခဲ့ရတယ်။ အဲဒီကတည်းက လူမျိုးရေးအမြင်ကျဉ်းမြောင်းမှုနဲ့ တစ်ဖက်စွန်းရောက်နေကြတဲ့ တိုင်းရင်းသားတွေကို အမြင်မှန်ရအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုရအောင် ကိုယ်တတ်စွမ်းနိုင်သရွေ့ ဆောင်ရွက်မယ်ဆိုတဲ့ ခံယူချက်၊ ယုံကြည်ချက်တွေ ပိုမိုဖြစ်ပေါ်လာခဲ့ရတယ်။ တပ်မတော်သားဘဝ တစ်လျှောက်လုံး ရောက်ရာနေရာ၊ ရောက်ရာဒေသတွေမှာ အဲ ဒီခံယူချက်နဲ့ အဖြစ်နိုင်ဆုံး စည်းရုံးဆောင်ရွက်ခဲ့တယ်"

"အောင်မြင်မှုကော ရခဲ့ရဲ့လား"

"ဒို့မြန်မာတိုင်းရင်းသားတွေမှာ သူတို့အပေါ် မေတ္တာစေတနာ အမှန်ထားရင် သူတို့ကလဲ မေတ္တာစေတနာနဲ့ ပြန်လည်တုံ့ပြန်တတ်တဲ့ ချစ်စရာကောင်းတဲ့ အလေ့အထရှိကြပါတယ်။ ဒါကြောင့် ငါ့ တပ်ကို တစ်ဖက်က စည်းကမ်းထိန်း၊ တစ်ဖက်ကလဲ စည်းရုံးရေးလုပ်စေတာမို့ ရောက်ရာဒေသတိုင်းလိုလိုမှာ အောင်မြင်ခဲ့ပါတယ်။ ပြည်သူတွေကိုလဲ စိတ်ချမ်းသာစေခဲ့ပါတယ်"

"နှစ်ဖက်တိုက်ပွဲကြားမှာ သေဆုံးဒဏ်ရာရခဲ့တဲ့ တိုင်းရင်းသားတွေ၊ မီးလောင်ပျက်စီးခဲ့ရတဲ့ ရွာတွေ၊ မအေးချမ်းလို့ မထွန်ယက်မစိုက်ပျိုး မပြုပြင်နိုင်ခဲ့တဲ့ လယ်ယာဥယျာဉ်တွေ၊ ဥပဒေမရှိ သေနတ်ပဲရှိတယ်ဆိုပြီး အစိုးရ ဘက်တော်သားလို့ထင်တဲ့သူတွေကို ရက်ရက်စက်စက် သတ်ခဲ့တာတွေ၊ ဆန်စပါးက စပြီး ဆက်ကြေးနဲ့ အခွန်အကောက်မျိုးစုံကို မပေးမနေရ ပေးခဲ့ရတာတွေ၊ ဘယ်လိုမှ မပေးနိုင်တဲ့သူတွေကို သောင်းကျန်းသူတွေရဲ့ စစ်ကြောင်းမှာ ဝန်ထမ်းအဖြစ် အခမဲ့ ထမ်းပိုးပေးခဲ့ရတာတွေ၊ အရပ်သားတွေရဲ့ ယာဉ်တန်းတွေကို မိုင်းခွဲပစ်ခတ်တိုက်ခိုက်ပြီး ဓားပြတိုက်လုယက်ခဲ့တာတွေ၊ အစိုးရတပ်တွေ သွားနိုင်တဲ့ နေရာအနှံ့မှာ မိုင်းတွေလိုက်ထောင်ထားလို့ မိုင်းထိ သေဆုံးဒဏ်ရာရခဲ့တဲ့ ပြည်သူတွေ အများအပြားပဲဟ"

"နောက်ပြီး မြို့ရွာတွေကို အဝေးကနေ လက်နက်ကြီး လက်နက်ငယ်တွေနဲ့ နှောင့်ယှက်ပစ်ခတ်လို့ သေဆုံးဒဏ်ရာရခဲ့ရတဲ့ အရပ်သားတွေ၊ မှောင်ခိုအကောက်တွေကောက်၊ အဖိုးတန်သစ်နဲ့ သတ္တုတွေခိုးထုတ် ရောင်းစားလို့ နိုင်ငံအတွက် စီးပွားရေးမှာ နစ်နာဆုံးရှုံးခဲ့ရတာတွေ၊ ပြည်နယ်က လူငယ်၊ လူရွယ်တွေ သောင်းကျန်းမှုဒဏ်ကြောင့် တစ်ဖက်နိုင်ငံမှာ ဥပဒေမဲ့သွားရောက် အလုပ်လုပ်ခဲ့ရမှုကြောင့် အနှိမ်ခံ၊ အစော်ကားခံ၊ ခေါင်းပုံဖြတ်ခံရပြီး နောက်ဆုံး ရောဂါပါကူးစက်ခံလာရတာမို့ ဆုံးရှုံးခဲ့ရ၊ ဆုံးရှုံးနေကြရတဲ့ လူမှုရေးဆိုင်ရာတွေ အများအပြားပဲ"

"လက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်ပိုင်းကတော့ တစ်ဖက်နိုင်ငံမှာ တိုက်တွေ၊ ကားတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ချမ်းသာနေပြီး သားသမီးများကို ပြည်ပမှာပညာသင်ပေးနဲ့ အကျိုးစီးပွားတွေ ခံစားနေကြရပေမယ့် လက်အောက်ငယ်သား မိသားစုအများနဲ့ အချို့ရွာသူရွာသားများကတော့ တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းလို့ အမည်ခံထားတဲ့ ရွာစခန်းတွေမှာ လက်ဝေခံ စားသောက်နေထိုင်ရပြီး သောင်းကျန်းသူတွေအတွက် အလုပ်အကျွေး ပြုနေကြရတာတွေလဲ မျက်မြင်ကိုယ်တွေ့ပဲဟ"

"မင်းပြောမှ ပလောင်တိုင်းရင်းသား ဦးခွန်ပွင့် ပြောကြားသွားတဲ့ အထဲမှာ **'ပြည်သူလူထုအတွက် ပြည်သူလူထု လွတ်မြောက်ရေး၊ တိုးတက်ရေး ဆိုပြီး ကြွေးကြော်ခဲ့ကြတဲ့ လက်နက်ကိုင် သောင်းကျန်းသူတွေဟာ တကယ်တော့ ပြည်သူလူထုအတွက် မဟုတ်ဘဲ သူတို့အတွက် သူတို့လုပ်နေကြတာပဲဖြစ်တယ်။ လက်တွေ့မှာ ပြည်သူလူထုကို အမှန်တကယ် ဝန်ထုပ်ဝန်ပိုးပေးနေကြတာ ဖြစ်ပါတယ်'** လို့ ရင်ဖွင့်ထားတာ ပြန်အမှတ်ရမိတယ်"

၂-၅-၂၀၀၅ရက်နေ့က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲမှာ ပြောကြားသွားတဲ့ ဩဝါဒစကားထဲမှာ လွတ်လပ်ရေးရပြီးနောက် တိုင်းပြည်ရဲ့ နိုင်ငံရေးဘဝကို သုံးသပ်ကြည့်လျှင်---

- **ပါတီအကွဲအပြဲများကြောင့် ပြည်သူလူထုအတွင်း စိတ်ဝမ်းကွဲပြားမှုတွေ ဖြစ်ပေါ်ခဲ့ကြောင်း၊**
- **ဂိုဏ်းဂဏဝါဒီများကြောင့် လက်နက်စွဲကိုင် ပုန်ကန်မှုတွေဖြစ်ခဲ့ပြီး ပြည်သူတွေမှာ လုံခြုံမှုမရှိသည့်ဘဝကို ရောက်ခဲ့ရကြောင်း၊**
- **ကိုလိုနီအစိုးရ၏ စနစ်တကျသွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အားနည်းလျော့ကျခဲ့ရကြောင်း၊**
- **ယင်းအခြေအနေများ၏ အကျိုးသက်ရောက်မှုမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က ကျဆင်းခဲ့ရပြီး လူနေမှုဘဝနိမ့်ကျခဲ့ရကြောင်း၊ ၁၉၈၈ခုနှစ်ရောက်သည်အထိ စီးပွားရေးအခြေခံအဆောက်အအုံသည် ပင်လျှင် အဆင်သင့်မရှိခဲ့သည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုမရှိဘဲ ဖရိုဖရဲဖြစ်နေသည့် လူ့အဖွဲ့အစည်းမှာ ပန်းတိုင်မရှိနိုင်ဘူးဆိုသည်ကို သမိုင်းကပြဆိုနေကြောင်း**

လို့ မိန့်ဆိုသွားတာ တွေ့ရတယ်'

"ဒါဟာ အတိတ်သမိုင်းက ဖြစ်ပျက်ခဲ့မှုအခြေအနေမှန်ထဲက အမှန်တရားကို သုံးသပ်ဖော်ထုတ်ထားတာမို့ လက်ကျန်သောင်းကျန်းသူများ အပါအဝင် မြေပေါ်မြေအောက် အဖွဲ့အစည်းတွေအားလုံး၊ ပြည်သူတွေအားလုံး ဆင်ခြင်သုံးသပ် သင်ခန်းစာယူသင့်ကြတယ်။ အမှန်ဘဝကိုရောက်အောင် အမြန်ဆုံး ပြုပြင်လုပ်ဆောင်ကြဖို့လိုမယ်"

"အေးဟ–ပါးစပ်ကပဲ တိုင်းပြည်နဲ့လူမျိုးကို ချစ်ပြမနေဘဲ ကိုယ်ပြောဆိုလုပ်ဆောင်နေမှု၊ ကိုယ့်လုပ်ဆောင်ချက်ကြောင့် နိုင်ငံနဲ့လူမျိုးအပေါ် အမှန်တကယ် ဘာတွေဘယ်လို ဆိုးကျိုးတွေ သက်ရောက်နေသလဲဆိုတာ သုံးသပ်ပြီး လက်တွေ့ကျကျ ပြုပြင်လုပ်ဆောင်မှုနဲ့အတူ တိုင်းပြည်နဲ့လူမျိုးကို တကယ်ချစ်ပြကြပါလို့ ဆိုချင်တယ်"

"တပ်မတော်အစိုးရလက်ထက်မှာ တပ်မတော်ရဲ့ စေတနာနဲ့လုပ်ရပ်မှန်တွေကြောင့် လက်နက်ကိုင်အဖွဲ့အစည်းကြီး(၁၇)ဖွဲ့နဲ့ အဖွဲ့ငယ်အများအပြား ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြတယ်လေ။ အဲဒီငြိမ်းချမ်းရေးအဖွဲ့တွေက ယုံကြည်မှုတည်ဆောက်နေချိန်ကာလအဖြစ် လက်နက်ကိုင်ဆောင်နေကြတုန်းပဲ။ ဒါကြောင့် အဲဒီဒေသတွေမှာ တိုက်ပွဲတွေမဖြစ်တော့ဘဲ ငြိမ်းချမ်းရေးရဲ့ အကျိုးကို ခံစားနေကြရလို့ ပျော်ရွှင်နေပေမယ့် ဒေသခံပြည်သူအများစုအနေနဲ့ စိုးရိမ်ထိတ်လန့် ကြောက်ရွံ့နေရဆဲဆိုတာ မှန်းဆကြည့်နိုင်ပါတယ်"

"တိမ်ဖုံးနေတဲ့ လပြည့်ဝန်းပမာ အလင်းရောင်ကို အပြည့်အဝမရသေးဘူး။ ဒါပေမယ့် လပြည့်ဝန်းရဲ့ အလင်းရောင်က ကြီးမားကျယ်ပြန့်တာကြောင့် ရရှိတဲ့ အလင်းရောင်ရဲ့ အကျိုးကိုတော့ ဒေသခံပြည်သူတွေခံစားနေကြရပြီလေ"

"ငြိမ်းချမ်းရေးအဖွဲ့တွေက နိုင်ငံတော်အစိုးရနဲ့ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးတွေ ဆောင်ရွက်နေကြတာ အချို့ဒေသတွေမှာ တော်တော်ကြီးကို ဖွံ့ဖြိုးတိုးတက်လာနေတာလဲ တွေ့ရတယ်။ မဖွံ့ဖြိုးမတိုးတက်ဘူးဆိုတဲ့ နေရာမရှိသလောက်ဘဲ ဖွံ့ဖြိုးမှုအနည်းနဲ့အများပဲ ကွာဟတယ်"

"လက်နက်ကိုင်သောင်းကျန်းသူတွေရှိနေဆဲ နယ်မြေဒေသနဲ့ ပြည်သူတွေကတော့ အမိုက်မှောင်ဘဝထဲမှာ လျှောက်လှမ်းနေရတုန်း၊ ဒုက္ခမျိုးစုံခံစားနေရတုန်း၊ ဖွံ့ဖြိုးတိုးတက်မှုမဆိုထားနဲ့ စစ်မီးတောက်အတွင်းမှာ လောင်ကျွမ်းခံနေရတုန်းပဲ"

"ဒါကို လက်ကျန်သောင်းကျန်းသူတွေ မြင်သင့်ပါပြီ။ လူမျိုးရေးအမြင်ကျဉ်းမြောင်းမှုကို ပယ်ဖျောက်သင့်ပါပြီ။ သံသယတွေပျောက်ပြီး အမှန်ဘဝကို ရောက်ကြဖို့သင့်ပါပြီ"

"အခု ဦးကန်နတို့၊ ဦးအိုက်မုန်းတို့ နယ်မြေဒေသမှာ အပြီးအပိုင် ထာဝရငြိမ်းချမ်းရေးကိုရကြပြီမို့ ဒေသခံပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးတွေ၊ စိုးရိမ်ကြောက်လန့်နေရမှုတွေ ကင်းစင်လွင့်ပျောက်ကုန်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုဆောင်ရွက်နိုင်ကြတော့မှာဖြစ်တယ်။ ဒေသခံပြည်သူတွေအားလုံး အပူလုံးတွေ ပျောက်လို့ ပျော်ရွှင်မဆုံး ဖြစ်နေကြပြီ"

"ဒါကို ဥပဒေဘောင်အတွင်း ရောက်ရှိနေပြီးတဲ့ အဖွဲ့တွေ၊ လက်ကျန်သောင်းကျန်းသူတွေအနေနဲ့ ကိုယ့်ဒေသ ကိုယ့်အခြေအနေနဲ့ ကိုက်ညီပြီး ဒေသခံပြည်သူတွေနဲ့ နိုင်ငံတော်ကို တိမ်ကင်းစင်တဲ့ လပြည့်ဝန်းပမာ အမှန်တကယ် ကောင်းကျိုးပြုနိုင်မယ့်နည်းလမ်းတွေကို ရှာကြံဖော်ဆောင်လို့ သံသယတွေ ဖျောက်ပြီး အမှန်ဘဝကို အမြန်လျှောက်လှမ်းနိုင်ကြဖို့ ကြိုးပမ်းကြပါလို့ ပြောချင်ပါတယ်"

ထိုသို့ စကားဝိုင်းဖွဲ့အပြီး ကျွန်တော့်စိတ်အာရုံထဲတွင် သိန်းနီနယ်မြေ၊ မိုင်းတုံ နမ့်ဆန်နယ်မြေရှိ ဒေသခံပြည်သူများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စိတ်ချမ်းသာစွာဆောင်ရွက်နေကြပုံ၊ နယ်မြေဒေသအပြီးအပိုင် ငြိမ်းချမ်းသွားပြီမို့ လူကြီး၊ လူရွယ်၊ လူငယ်များအားလုံး ငြိမ်းချမ်းရေးရဲ့ အရသာကို ပြည့်ပြည့်ဝဝ ခံစားနေရပုံတို့ကိုကြည်နူးစဖွယ်မြင်ယောင်နေမိရင်း အမှောင်ဖုံးလွှမ်းနေဆဲ နေရာဒေသများတွင် တိမ်ကင်းစင်သော လပြည့်ဝန်းကြီးများ အမြန်ဆုံးထွက်ပေါ်လာပါစေ၊ နယ်မြေဒေသအနှံ့ ထွက်ပေါ်ခဲ့ပြီးသော လပြည့်ဝန်းကြီးများသည်လည်း တိမ်ဖုံးနေမှုများ အမြန်ဆုံး ကင်းစင်လွင့်ပျောက်ကြပါစေ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး တိမ်ကင်းစင်သော လပြည့်ဝန်းကြီး၏ အလင်းရောင်ကို ပြည့်ပြည့်ဝဝကြီး ခံစားပျော်ရွှင်နိုင်ကြပါစေလို့ ဆန္ဒတွေ အကြိမ်ကြိမ်အခါခါ ပြုနေမိပါတော့သည်။ ။

12-5 (11).p65 1 3/27/05, 7:53 AM

ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် ရေအားလျှပ်စစ်စီမံကိန်းများကြည့်ရှုစစ်ဆေး လုပ်ငန်းများသတ်မှတ်ကာလထက်စောပြီးအောင် ဆောင်ရွက်ရေးမှာကြား

ရန်ကုန် မေ ၁၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ရေအားလျှပ်စစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်လိုက်ပါ၍ မေ ၉ရက် မွန်းလွဲပိုင်းတွင် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃)တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ကွန်းချောင်းရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိပြီးနောက် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ရေထိန်းမျှော်စင်တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေထိန်းမျှော်စင်သို့ ချဉ်းကပ်တံတားတပ်ဆင်တည်ဆောက်နေမှုအခြေအနေ၊ ရေသွယ်ဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်း၊ အမှတ်(၂) ချဉ်းကပ်ဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်း၊ ဖိအားမြှင့်ပိုက်လိုင်း တပ်ဆင်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို အသေးစိတ်လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (ဝဲပုံ)

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ်ရှိ ကေဗွီ ၂၃၀ သာယာကုန်း(ကျောက်တံခါး)ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီးနောက် စီမံကိန်းတာဝန်ခံ၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ဓာတ်အားခွဲရုံတည်ဆောက်မည့်နေရာ၊ ထရန်စဖော်မာနှင့် ဓာတ်အားထိန်းချုပ်ခလုတ်ဝင်း တည်ဆောက်မည့် နေရာ၊ ဓာတ်အားလိုင်းအဝင်၊အထွက် လမ်းကြောင်းတို့ကိုကြည့်ရှုစစ်ဆေး၍ ဓာတ်အားခွဲရုံတည်ဆောက်မှုကို လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ တည်ဆောက်မှုနှင့် တစ်ပြေးညီအချိန်မီပြီးစီးအောင်တည်ဆောက်ရေးမှာကြားခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သည့် ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ရဲနွယ် ရေအားလျှပ်စစ်စီမံကိန်း၊ ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းတို့ ပြီးစီးပါက ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို အဆိုပါဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်၍ မြန်မာပြည်တစ်ဝန်းသို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးသွားမည်ဖြစ်သည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးမှ ရွှေကျင်ချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီးနောက် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ပင်မတမံမြေသားဖို့ခြင်းလုပ်ငန်း၊ စီမံကိန်း၏ဝဲဘက်ကမ်း၊ ယာဘက်ကမ်းနှင့် တမံအောက်ခြေခိုင်ခံ့ရေးအတွက် ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်း၊ တမံတည်ဆောက်မည့် ပုံစံငယ်နှင့် စီမံကိန်းတွင်အသုံးပြုမည့် ဒေသထွက် မြေသားနမူနာ၊ ကျောက်သားနမူနာတို့ကို ကြည့်ရှုစစ်ဆေး၍ စီမံကိန်းမှ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

စနစ်တကျ

ထိုသို့ ဝန်ကြီးသည် စီမံကိန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌ စီမံကိန်းမှ တာဝန်ရှိသူများအား ဌာနအချင်းချင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊မိမိတို့ဌာနအလိုက်၊ လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများကို သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊လုပ်ငန်းသုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီအောင် ကြပ်မတ်ဆောင်ရွက်ရေးနှင့် လိုအပ်သည့်ပစ္စည်းများ ကြိုတင်စုဆောင်း၍ လုံခြုံအောင်သိုလှောင်ထားရှိရေး၊ ယာဉ်နှင့် စက်ယန္တရားများကို စနစ်တကျ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းရေး၊ စက်သုံးဆီ၊ ဘိလပ်မြေနှင့် သံချောင်းများအလေအလွင့်မရှိရေး၊ ခြိုးခြံချွေတာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စတို့ကို အသေးစိတ် ဆွေးနွေးမှာကြားပြီးနောက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၀ ရက်က ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်း-၅) (သတင်းစဉ်)

၂၀၀၅ ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၅ ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကို မေ ၂၉ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်(၂၀)နှင့်အောက် အမျိုးသမီးပြိုင်ပွဲ၌ တစ်ဦးချင်း ခတပြိုင်ပွဲနှင့် ကုမိတဲ့ပြိုင်ပွဲများ အဖြစ် ၃၃ ကီလိုနှင့်အောက်၊ ၃၈ကီလိုနှင့်အောက်၊ ၄၃ ကီလိုနှင့်အောက်၊ ၄၈ ကီလိုနှင့် အောက်၊ ၄၈ ကီလို အထက် ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။

အသက်(၁၅)နှစ်နှင့်အောက် အမျိုးသမီးပြိုင်ပွဲတွင် တစ်ဦးချင်း ခတပြိုင်ပွဲ၊ Heian Kata 1,2,3, 4,5 ပြိုင်ပွဲနှင့် Gohon Kumite ပြိုင်ပွဲများ ပါဝင်ကြပြီး အသက်(၁၂)နှစ်နှင့် အောက် အမျိုးသမီး ပြိုင်ပွဲတွင် Heian Kata 1,2,3,4,5 ပြိုင်ပွဲနှင့် Gohon Kumite ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပါဝင်မည်

အသက်(၂၀)နှင့်အောက် အမျိုးသားပြိုင်ပွဲတွင် တစ်ဦးချင်း ခတပြိုင်ပွဲနှင့် ကုမိတဲ့ပြိုင်ပွဲများ အဖြစ် ၃၅ ကီလိုနှင့်အောက်၊ ၄၀ ကီလိုနှင့်အောက်၊ ၄၅ ကီလိုနှင့် အောက်၊ ၅၀ ကီလိုနှင့်အောက်၊ ၅၅ ကီလိုနှင့်အောက်၊ ၆၀ ကီလိုနှင့်အောက်၊ ၆၀ ကီလိုအထက် ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အသက်(၁၅)နှစ်နှင့်အောက် အမျိုးသားပြိုင်ပွဲတွင် တစ်ဦးချင်း ခတပြိုင်ပွဲ၊ Heian kata 1,2,3,4,5 ပြိုင်ပွဲနှင့် Gohon Kumite ပြိုင်ပွဲများပါဝင်ကြပြီး အသက်(၁၂)နှစ်နှင့် အောက် အမျိုးသားပြိုင်ပွဲတွင် Heian Kata 1,2,3,4,5 ပြိုင်ပွဲနှင့် Gohon Kumite ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

စာရင်းပေးသွင်း

အသက်(၂၀)နှင့် အောက် အမျိုးသား၊ အမျိုးသမီး ခတနှင့် ကုမိတဲ့ပြိုင်ပွဲများနှင့် အသက်(၁၅)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ခတပြိုင်ပွဲများကို WKF ပြိုင်ပွဲနည်းဥပဒေအတိုင်း ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြမည့် ကရာတေးဒိုအားကစားမောင်မယ်များသည် မေ ၂၇ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်(အောင်ဆန်းအားကစားပြိုင်ဝင်း)ထံသို့ အမည်စာရင်းများပေးသွင်း ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားနှင့် ပြည်နယ်နှင့်တိုင်းလက်ဝှေ့ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၁

၂၀၀၅ ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား(က)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲနှင့်(၃၆) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၈)နှစ်အောက် သက်ငယ်တန်း(ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲများကို မေ၂၄ရက်မှ ဇွန် ၃ရက်အထိနေ့စဉ်ညနေ ၃နာရီတွင်အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ကျင်းပမည်ဖြစ်သည်။

မေ ၂၄ရက် နံနက် ၈နာရီတွင် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်း၌ အသက်စစ်ဆေးခြင်း၊ ကိုယ်အလေးချိန်စစ်ဆေးခြင်းနှင့် ပွဲစဉ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်မည့်လက်ဝှေ့အားကစားသမားများအနေဖြင့် မေ ၂၃ရက်အရောက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ရုံးသို့ ဆက်သွယ်သတင်းပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံအမတ်ကြီးဦးသန်းထွန်းအား အီတလီသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

ရန်ကုန် မေ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးသန်းထွန်းအား အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ကမ္ဘာ့သွေးတိုးရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ ၂၀၀၅ခုမေ၁၄ရက်သွေးတိုးရောဂါကာကွယ်ထိန်းသိမ်းပါ

၁။ ကိုယ်အလေးချိန်ပုံမှန်ဖြစ်ရန် ထိန်းသိမ်း၍ အဝမလွန်အောင် နေထိုင်စားသောက်ပါ။
၂။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။ နေ့စဉ် နာရီဝက်၊ တစ်နာရီခန့် ခပ်သွက်သွက်လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ အသီးအနှံ များများစားသုံးပါ။
၄။ စိတ်ဖိစီးမှုနည်းပါးအောင် နေထိုင်ပါ။
၅။ အငန်ဓာတ်ပါသော ငါးပိ၊ ငါးခြောက်၊ ဟင်းချိုမှုန့်စသည့် အစားအစာများကို ရှောင်ကြဉ်ပါ။
၆။ အဆီကိုလွန်ကဲစွာ စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၇။ အရက်ကို အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။
၈။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။
၉။ သွေးတိုးရောဂါရှိပါက သွေးပေါင်မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

မြဝတီရုပ်မြင်သံကြား

၁၂-၅-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Functions of Random Variables (ဒုတိယနှစ်-စီးပွားရေး)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၄၇)
၆း၄၅ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"** (အပိုင်း-၁၅)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြဝတီရဲ့ မြဝတီ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူ သူရဲကောင်း"** (အပိုင်း-၇)

ကရင်ပြည်နယ်လှိုင်းဘွဲထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်စတင်ထုတ်လွှင့်

ရန်ကုန် မေ ၁၁

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ကရင်ပြည်နယ် လှိုင်းဘွဲ၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မေ ၉ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှလွှင့်အား ဝပ်၂၅၀၊ လှိုင်းနှုန်း ၁၀ ဖြင့် မေ၁၀ရက်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်၊ အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

လာလီဂါ၌ ချန်ပီယံဖြစ်ရေး ဘာစီလိုနာတို့ လက်တစ်ကမ်းအကွာသို့ရောက်ရှိ ရီးယဲလ်မက်ဒရစ်က ရေးဆင်းကို ဂိုးဒါဇင်ဝက်နီးပါးသွင်းပြီး အနိုင်ယူ

ဗလင်စီယာ မေ ၁၁

စပိန်လာလီဂါဘောလုံးပွဲစဉ်(၃၅)ကို ဆက်လက်ကစားရာ ရီးယဲလ်မက်ဒရစ်က ရေးဆင်းကို မိမိကွင်းဘာနေဗျူး၌ ဂိုးဒါဇင်ဝက်နီးပါးသွင်းယူပြီး အနိုင်ယူခဲ့သလို တန်းစီဇယားထိပ်ဆုံးတွင်ရှိနေသော ဘာစီလိုနာကလည်း အဝေးကွင်း၌ ဗလင်စီယာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် လာလီဂါတွင် ဘာစီလိုနာတို့ ဦးဆောင်နေဆဲပင် ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်တို့ဂိုးပြတ်သွင်း

တန်းစီဇယား ပထမနေရာကို ပွဲတူ ခြောက်မှတ်အသာဖြင့် ခိုင်ခိုင်မာမာရယူထားသော ဘာစီလိုနာအား ဖိအားပေးနေသည့်ရီးယဲလ်မက်ဒရစ်တို့ အိမ်ကွင်း၌ ရေးဆင်းကို ငါးဂိုးပြတ်သွင်းပြီး အနိုင်ယူကာ ဘာစီလိုနာကို ခြိမ်းခြောက်လိုက်ပြန်ပြီ ဖြစ်သည်။

ရာသီကုန် လက်ကျန်ပွဲတိုင်းကို အနိုင်ရရှိရေး အစွမ်းကုန်ကြိုးစားနေသောရီးယဲလ်မက်ဒရစ်တို့အကောင်းဆုံး ကမ္ဘာကျော်ဘောလုံးသမားများဖြင့် ပွဲထုတ်ကစားခဲ့ရာ ဇီဒန်း၊ ရိုနယ်ဒို၊ မိုက်ကယ်အိုဝင်၊ ရာအူးလ်၊ ဘက်ခမ်းနှင့် ရောဘတ်တိုကားလော့စ်တို့ အပေးအယူ အချိတ်အဆက်မိမိ နားလည်မှုရှိရှိဖြင့် ကစားခဲ့မှုကြောင့် ၂၈မိနစ်မှာပင် ရိုနယ်ဒို ဖြတ်ပေးလိုက်သည့် ဘောလုံးကို မိုက်ကယ်အိုဝင် သွင်းယူခဲ့သဖြင့် အဖွင့်ဂိုး စတင်ရရှိခဲ့သည်။

ရီးယဲလ်မက်ဒရစ်တို့ ဆက်လက်ဖိကစားထားရာမှ ၃၃မိနစ်တွင် ရေးဆင်း ဂိုးဧရိယာအတွင်းမှ နေ၍ ရိုနယ်ဒို အနီးကပ်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့ရာ ယင်းဂိုးသည် လာလီဂါ၌ ရိုနယ်ဒို၏(၁၀၀)မြောက် သွင်းဂိုးလည်း ဖြစ်သွားသည်။ ရေးဆင်းတို့ ချေပဂိုးများသွင်းနိုင်ရေး ကြိုးစားသော်လည်း ရီးယဲလ်မက်ဒရစ် နောက်တန်းခံစစ်ကြောင်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့ပေ။

သွင်းယူ

ဒုတိယပိုင်းတွင်လည်း ရီးယဲလ်မက်ဒရစ်တို့ ကစားကွက်ကိုထိန်းချုပ်ထားနိုင်ခဲ့ရာမှ ၅၃မိနစ်တွင် ရောဘတ်တိုကားလော့စ် ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ရေးဆင်းဂိုး၏ ရှစ်ကိုက်အကွာမှ ရာအူးလ်က မနားတမ်း ကန်သွင်းယူခဲ့သဖြင့် တတိယဂိုးရရှိပြီး ၇၁မိနစ်တွင် ဒေးဗစ်ဘက်ခမ်း အနေတော်ပေးလိုက်သည့် ဘောလုံးကို ရာအူးလ်ကပင် သွင်းယူခဲ့သဖြင့် စတုတ္ထဂိုး ရရှိခဲ့သည်။

ရေးဆင်းတို့ ချေပဂိုးများ ပြန်မသွင်းနိုင်ဘဲ ဂိုးများ ဆက်တိုက်မပေးရရေး ခံကစားသော်လည်း မိနစ်၉၀တွင် ရိုနယ်ဒိုက တစ်ဦးတည်း လွတ်လွတ်ကျွတ်ကျွတ် ဆွဲယူလာကာ ရေးဆင်း ဂိုးသမား ဒူဒူအောရာတီကိုပါ လိမ်ခေါက်ပြီး သွင်းယူခဲ့သဖြင့် ငါးဂိုး-ဂိုးမရှိဖြင့် ရီးယဲလ်မက်ဒရစ်တို့ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။



လာလီဂါပွဲစဉ်(၃၅)အဖြစ် ရီးယဲလ်မက်ဒရစ်နှင့် ရေးဆင်းတို့ ပွဲတွင် ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး ရိုနယ်ဒို ဂိုးသွင်းယူလိုက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

လာလီဂါချန်ပီယံဖလား လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေပြီဖြစ်သော ဘာစီလိုနာတို့ ဗလင်စီယာကွင်း အစီစတာဒိုင်ရီမီစ်တယ်လာ၌ နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ရရှိခဲ့ရာ ဒုတိယနေရာမှ ရီးယဲလ်မက်ဒရစ်ကို ခြောက်မှတ်ဖြတ်ထားနိုင်ခဲ့သည်။

ရော်နယ်ဒင်ဟို၊ ဆင်မြူရယ်အီတူးနှင့် ဒေကိုတို့ အတွဲညီညီ ထိုးဖောက်ကစားမှုကြောင့် ဗလင်စီယာ နောက်ခံလူများ ကြိုးစားဟန့်တားနေရာမှ ၁၃မိနစ်တွင် ဟာနက်ဒတ်စ်နှင့် ဒေကိုတို့ အပေးအယူလုပ်ပြီး ဒေကို အပိုင်ကန်သွင်းမှုကို ဗလင်စီယာ ဂိုးသမား ပါလော့ ကာကွယ်နိုင်ခဲ့သဖြင့် အဖွင့်ဂိုး စောစီးစွာမပေးခဲ့ရခြင်း ဖြစ်သည်။

လာလီဂါ ပွဲစဉ် (၃၅)အဖြစ် ဗလင်စီယာနှင့် ဘာစီလိုနာတို့ ပွဲတွင် ဘာစီလိုနာမှ ကာလက်ပူယိုးလ်(ဝဲ) က ဗလင်စီယာမှ မာကို ဒီဗီရို ထိုးဖောက်ကစားမှုကို လိုက်လံဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထောင့်ကန်ဘော

ထို့အတူ ဗလင်စီယာတို့ ၁၇မိနစ်တွင် ထောင့်ကန်ဘောရရှိရာ ယင်းထောင့်ကန်ဘောကို အောရီလီရိုဂိုးရှေ့သို့ ကန်တင်ပေးရာ ပြန်ထွက်လာသောဘောလုံးကို ဗလင်စီယာ နောက်ခံလူ ရိဘာတိုအယာလာက ရှစ်ကိုက် အကွာမှ ကန်သွင်းမှုမှာလည်း လွဲချော်သွားခဲ့သဖြင့် နစ်နာခဲ့ရခြင်း ဖြစ်သည်။

ဘာစီလိုနာတို့ ကစားကွက်တည်ပြီး ထိုးဖောက်ကစားရာမှ ၂၈မိနစ်တွင် ရော်နယ်ဒင်ဟိုက တစ်ဂိုးသွင်းယူပြီး နောက်နှစ်မိနစ်အကြာ မိနစ် ၃၀တွင် အီတူးက တစ်ဂိုးထပ်မံ သွင်းယူလိုက်သဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခြင်းဖြစ်သည်။ ရော်နယ်ဒင်ဟို၏ ယခုဂိုးသည် ယခုနှစ် လာလီဂါတွင် သူ၏ ရှစ်ဂိုးမြောက် သွင်းဂိုးဖြစ်ပြီး ဘာစီလိုနာကို လာလီဂါတွင် ဆက်လက် ဦးဆောင်စေနိုင်ခဲ့သည်။

ဗလင်စီယာတို့ ချေပဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း ၆၈မိနစ်တွင် ကာလို့မာချီနာ အနီကတ်ပြအထုတ်ခံခဲ့ရသည်မှလွဲပြီး နှစ်သိမ့်ဂိုးတစ်ဂိုးပင် မသွင်းနိုင်ဘဲ ရှုံးခဲ့ရခြင်း ဖြစ်သည်။

(အင်တာနက်)

အခြားပွဲရလဒ်များ

အယ်ဘာစီတီ	၃	၁	လီဗန်တေး
အက်စပန်ညို	၃	၀	နူမန်စီရာ
ဂီတာဖေး	၂	၀	ရီးယဲဆိုစီဒက်
မာလာဂါ	၀	၂	ဗီလာရီးယဲလ်
ဒီပို့တီဗို	၂	၀	အက်သလက်တီကို
အက်လက်တစ်ဘီလ်ဘာအို	၂	၀	ရီးယဲလ်ဇာရာဂိုဇာ
အိုဆာဆူနာ	၁	၁	မာလော့ကာ
ရီးယဲလ်ဘက်တစ်	၁	၀	အက်ဖ်စီဆီဗီလာ

အိုးထရက်ဖို့ဒ်ကွင်း၌ မန်ယူက ချယ်လ်ဆီးကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်

လန်ဒန် မေ ၁၁

အင်္ဂလိပ်ပရီမီယာလိဂ် ရာသီကုန်လက်ကျန်ပွဲများကို ဆက်လက်ကစားလျက်ရှိရာ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးနှင့် မန်ချက်စတာယူနိုက်တက်တို့ မန်ယူကွင်း အိုးထရက်ဖို့ဒ်၌ မေ၁၁ရက်က ယှဉ်ပြိုင်ကစားရာ နာမည်ကြီးမန်ယူကို ချယ်လ်ဆီးတို့က ချန်ပီယံခြေစွမ်းပြပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားသွားခဲ့သည်။

မန်ယူအသင်းမိမိကွင်း၌ ချယ်လ်ဆီးကို ဂိုးပြတ်သွင်းအနိုင်ကစားရန်အတွက် အကောင်းဆုံးတိုက်စစ်အတွဲဖြစ်သော နစ္စတယ်ရွိုင်း၊ ရွှန်နေနှင့် ရိုနယ်ဒိုတို့ကိုထားပြီး ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားခဲ့သည်။

မန်ယူတို့ အပေးအယူအချိတ်အဆက်မိမိဖြင့် ထိုးဖောက်ကစားရာ ၇မိနစ်မှာပင် ဘယ်ခြမ်းမှ ရွှန်နေးဂိုးရှေ့သို့ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို နစ္စတယ်ရွိုင်း အနီးကပ်သွင်းယူသွားခဲ့သဖြင့် အဖွင့်ဂိုး စောစီးစွာ ရရှိခဲ့သည်။

မန်ယူတို့ အနိုင်ဂိုးများ ဆက်လက်ရရှိရေး ကြိုးစားသော်လည်း ချယ်လ်ဆီးက ခံစစ်ကြောင်းလုံအောင်ကစားပြီး ဘောလုံးအပေးအယူ မှန်မှန်ထိုးဖောက်ကစားရာမှ ၁၇မိနစ်တွင် ချယ်လ်ဆီးအသင်း တိုက်စစ်မှူး တီယာဂိုက အဝေးမှအမှတ်မထင် ကန်သွင်းရာ မန်ယူအသင်း ဂိုးသမားရွိုင်းကာရိုး လှုပ်ရှားချိန်မရလိုက်ဘဲ ဂိုးပေးလိုက်ရသည်။

ချေပဂိုးရရှိသွားသည့် ချယ်လ်ဆီးတို့ အနိုင်ဂိုးသွင်းနိုင်ရေး ကစားကွက်အသာစီးရအောင် ဘောလုံးပိုင်ဆိုင်မှုများများဖြင့် အကွက်စေ့စေ့ထိုးဖောက်ကစားပြီး မန်ယူအသင်း နောက်တန်းကို အကြိမ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းမှ ဂျိုကိုးလ်၊ ဂတ်ဂျွန်ဆင်နှင့် မက်ခီလီလီတို့ခြေစွမ်းပြကစားနိုင်ပြီး ကွင်းလယ်ကစားကွက်ကိုလည်း ချယ်လ်ဆီးတို့ ထိန်းချုပ်ကစားနိုင်ခဲ့ရာမှ ၆၁မိနစ်တွင် ဂတ်ဂျွန်ဆင် တစ်ဦးတည်းလွတ်လွတ်ကျွတ်ကျွတ်ဆွဲယူလာသည့် ဘောလုံးကို မန်ယူအသင်းဂိုးသမားရွိုင်းကာရိုး ထွက်ပြီးကာကွယ်သော်လည်း ဂတ်ဂျွန်ဆင်က ဂိုးသမားကိုကျော်ပြီး သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးအသင်း ဒုတိယဂိုး ရရှိခဲ့သည်။

မန်ချက်စတာယူနိုက်တက်နှင့် ချယ်လ်ဆီးတို့ပွဲတွင် မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်း ချယ်လ်ဆီးဘက်သို့ အဖွင့်ဂိုးသွင်းယူလိုက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူအသင်း ချေပဂိုးရရှိရေးအတွက် ရိုနယ်ဒို၊ နစ္စတယ်ရွိုင်း၊ ရွှန်နေတို့ အပြင်းအထန် ကြိုးစားတိုက်စစ်ဆင် ကစားသော်လည်း ချယ်လ်ဆီးအသင်း နောက်တန်းကို ထိထိရောက်ရောက် မကျော်လွှားနိုင်ဘဲရှိသည်။ ဖလက်ချာက ချယ်လ်ဆီးအသင်း ဂိုးဧရိယာအစပ်မှနေ၍ အပြင်းကန်သွင်းမှုမှာလည်း ဂိုးတိုင်ထိပြီး ထွက်သွားသဖြင့် မန်ယူအသင်းတစ်ဂိုး နစ်နာခဲ့ရသည်။

၆၃မိနစ်တွင် ဖလက်ချာအစား ဆာဟာကို ဝင်ရောက်ကစားစေကာ မန်ယူတို့ တိုက်စစ်မြှင့်တင်ခဲ့သော်လည်း ထိရောက်သောတိုက်စစ်ဆင်မှု မပြုလုပ်နိုင်ဘဲရှိရာ ၈၂မိနစ်တွင် ချယ်လ်ဆီးတိုက်စစ်မှူး ဂျိုကိုးလ်က အနီးကပ် ပိတ်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ တတိယဂိုးရရှိသွားခဲ့သည်။

မန်ယူတို့ ချေပဂိုးများပြန်သွင်းနိုင်ရေးကြိုးစားသော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုနှင့် ချယ်လ်ဆီး ခံစစ်ကြောင်းကို မကျော်လွှားနိုင်မှုကြောင့် အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ပင် ချယ်လ်ဆီးကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၅-၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	အုံမခန်းမြန်မာ့ပန်းပုပညာ လက်ရာ ရွှေကူတံကဲတော်ကြီး
၇း၁၅	ပြည်တွင်းသတင်းအကျဉ်း
၇း၂၀	ဝါသနာရှင်စင်မြင့်
၈း၀၀	နွယ်မြက်သစ်ပင်ဆေးဖက်ဝင် (ခံတက်ရွက်)
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	ရိုးမတောမှကျွန်းရာတနာများ
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ဂီတလွှင်ပြင် (ကောင်းကင်ထဲကမြစ်တစ်စင်း)
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	အန္တရာယ်ကင်းစေ ဘေးရှင်းစေ
၉း၁၅	မြန်မာစာ မြန်မာစကား
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၅	ပေါင်းစုအင်အား အခြေခံသမဝါယမအားမာန်
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀း၃၅	ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၁၀း၄၀	၂၀၀၅ခုနှစ် နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရန်ကုန်မြို့ရှိ ကုလသမဂ္ဂပြန်ကြားရေးဌာနမှ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၁၁

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ မေ ၇ ရက် ညနေ ၆နာရီတွင် အင်တာနက်ကဖေးတစ်ခုအား အသေခံဗုံးခွဲတိုက်ခိုက်သူများက တိုက်ခိုက်သဖြင့် သေဆုံးသွားသူ သုံးဦးအနက် ကုလသမဂ္ဂ၌ တာဝန်ထမ်းဆောင်နေသူ မြန်မာနိုင်ငံမှ အကြီးတန်းအင်ဂျင်နီယာ ဦးတင့်ဆွေလည်းပါဝင်ခဲ့ပါသည်။

ဦးတင့်ဆွေ ကွယ်လွန်ခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ ပြန်ကြားရေးဌာန (ရန်ကုန်)က မေ ၉ရက်၌ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေး၌ လုပ်ငန်းများဆောင်ရွက်နေသော ကုလသမဂ္ဂရုံးဝန်ထမ်းတစ်ဦးဖြစ်သူ ဦးတင့်ဆွေ ဝမ်းနည်းကြေကွဲဖွယ်ရာ ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂရုံးက များစွာကြေကွဲဝမ်းနည်းရပါကြောင်း၊ ဦးတင့်ဆွေသည် အာဖဂန်နစ္စတန်နိုင်ငံရှိ ကဘူး-ကင်ဒါဟာ လမ်းပြန်လည်ဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းများဆိုင်ရာ ကုလသမဂ္ဂရုံးတွင် အမှုထမ်းနေသူတစ်ဦးဖြစ်ကြောင်း။

ဦးတင့်ဆွေသည် သူ၏လုပ်ဖော်ကိုင်ဖက်များအားလုံး၏ ချစ်ခင်လေးစားမှုခံရသူဖြစ်ပြီး ဦးတင့်ဆွေ တာဝန်ထမ်းဆောင်ခဲ့ခြင်းကို ဂုဏ်ပြုသောအားဖြင့် အာဖဂန်နစ္စတန်နိုင်ငံရှိ ကုလသမဂ္ဂ အထွေထွေပြန်လည်တည်ဆောက်ရေးညွှန်ကြားရေးမှူးကိုယ်တိုင် ဦးတင့်ဆွေ၏ ရုပ်ကလာပ်ကို ရန်ကုန်မြို့သို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း။

ဦးတင့်ဆွေ ဝမ်းနည်းကြေကွဲဖွယ် သေဆုံးခဲ့ရခြင်းသည် ကုလသမဂ္ဂအတွက်လည်းကောင်း၊ ဦးတင့်ဆွေကို လေးစားကြသူများအတွက် လည်းကောင်း ဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်း၊ ဦးတင့်ဆွေသည် ကမ္ဘာအရပ်ရပ်တွင် ကုလသမဂ္ဂဝန်ထမ်းအဖြစ် လုပ်ငန်းတာဝန်အဆင့်ဆင့်၌ ၁၅နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ထူးချွန်သောနိုင်ငံတကာဝန်ထမ်းတစ်ဦးဖြစ်ပြီး ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မာလာသန်းရီနှင့် သမီးဒေါက်တာသက်ချောစုတို့ ကျန်ရစ်ခဲ့ကြောင်း။

ကုလသမဂ္ဂသည် ဦးတင့်ဆွေအား လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေဖြင့် ဂုဏ်ယူစွာအသိအမှတ်ပြုလျက် ဦးတင့်ဆွေ၏ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်းတွင် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့နေ အလှူရှင် ဦးညွန့်စိန်-ဒေါ်ညွန့်ရီ၊ သားသမီးမြေးတစ်စုက ငွေကျပ်တစ်ဆယ့်တစ်သိန်းကို ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တိပိဋကစာမေးပွဲအောင်သာသနာ့အာဇာနည်ချီးကျူးပူဇော်ပွဲ တိပိဋကဓမ္မရက္ခိတအဖွဲ့ ဗိမာန်တော်တွင် ကျင်းပမည်

ရန်ကုန် မေ ၁၁

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကဓရ ရွေးချယ်ရေးဩဝါဒါစရိယအဖွဲ့မှ ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးရှစ်ပါးတို့ကို ရိုသေစွာပင့်ဖိတ်၍ တိပိဋကဓမ္မရက္ခိတအဖွဲ့၏ ပစ္စည်းလေးပါးကို အလှူခံတော်မူလျက် (၅၇)ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် စာအောင်သံဃာတော် အရှင်သူမြတ် ၃၄ ပါးတို့အား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို မေ ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်၁၅ရှိ တိပိဋကဓမ္မရက္ခိတအဖွဲ့ ဗိမာန်တော်တွင် ကျင်းပမည်ဖြစ်ရာ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ထံသို့ ပင့်လျှောက်လွှာများ ဆက်ကပ် ထားပြီးဖြစ်သော်လည်း ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အချိန်မီ ကြွရောက်တော်မူကြရန်နှင့် ဗိမာန်တော်အလှူရှင်များ၊ ဆွမ်းအလှူရှင်များ၊ ငွေပဒေသာပင်အလှူရှင်များ၊ အသင်းဝင်များ၊ ဓမ္မမိတ်ဆွေများ ကြွရောက်ကြည်ညို လှူဒါန်းပူဇော်ခြင်းဖြင့် အနုမောဒနာတရား အတူတကွနာကြားကြပါရန်နှင့်လှူဒါန်းလိုပါက ဖုန်း-၃၈၂၁၁၁၊ ၂၄၈၂၂၄ တိပိဋကဓမ္မရက္ခိတအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကုသိုလ်ပြု လှူဒါန်းနိုင်

ရန်ကုန် မေ ၁၁

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက် အုံမြားကြီးချောင်းနှင့် ဧရာဝတီမြစ်ဆုံ၌ ပုဂံခေတ်ဦးတွင် တည်ထားခဲ့သော ဉာဏ်တော် ၈၆ပေ၊ ဖိနပ်တော် ၆၈ပေ တစ်ဖက်လျှင် အရှည်ပေ ၂၂၀ရှိ မဟာရံတံတိုင်းပါ သမိုင်းဝင် ရှေးဟောင်း ဆုတောင်းပြည့် စိန္တာမုနိစေတီကြီး စေတီတော်အား ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ ဘက်စုံ တည်ဆောက်လျက်ရှိသည်။

ကဆုန်လပြည့်နေ့မှစ၍ ညစဉ် စေတီတော် ငှက်ပျောဖူးမှ တနင်္ဂနွေထောင့်၊ အင်္ဂါထောင့်၊ ရာဟုထောင့်၊ စနေထောင့် မဟာရံတံတိုင်းများသို့ တစ်ဖက်လျှင် ရောင်စုံမီးလုံး၁၀၈လုံး ဖြင့် ရောင်စုံမီးလုံး ၄၃၂လုံးကို သွယ်တန်းပူဇော်မည်ဖြစ်ရာ မီးကြိုး၊ မီးခေါင်း၊ မီးလုံးနှင့် ဆက်စပ်ပစ္စည်းများ အပါအဝင် တစ်ဖက်လျှင် အလှူငွေ ကျပ် ၅၄၀၀၀ဖြင့် မိမိစိတ်ကြိုက် နှစ်သက်ရာထောင့်ကိုဖြစ်စေ၊ ငွေကျပ် ၁၈၀၀၀၀ တန် ခြောက်ကေဗွီ မီးအားမြင့် စက်တစ်လုံးနှင့် ဥပုသ်နေ့တိုင်း ဝတ်အဖွဲ့များ ဝတ်ရွတ်ရန် ငွေကျပ် ၁၈၀၀၀၀တန် အသံချဲ့စက်တစ်စုံကိုဖြစ်စေ လှူဒါန်းလိုပါက ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်

ရန်ကုန် မေ ၁၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ကြီးကြပ်ရေးဝန်ထမ်းများ ဘဏ် လုပ်ငန်းဆိုင်ရာသင်တန်းအမှတ်စဉ် (၂/၂၀၀၅)နှင့်အခြေခံကွန်ပျူတာ သင်တန်းအမှတ်စဉ် (၁/၂၀၀၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

အဘိဓမ္မမဟာရဋ္ဌဂုရုပူဇော်ပွဲ အထူးဓမ္မသဘင်ကျင်းပမည်

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်ဘုရားကြီးအား နိုင်ငံတော်အစိုးရက အဘိဓမ္မမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဘွဲ့တံဆိပ်တော်ရဆရာတော်ဘုရားကြီးအား တပည့်ဒါယကာဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ဆရာတော်ဘုရားကြီး၏တပည့် ဓမ္မကထိကဆရာတော်များဖြစ်သော မေ၁၂ရက်တွင် ဘဒ္ဒန္တ ဂုဏိန္ဒ ဆင်ဖြူတောင်ဆရာတော်၊ မေ ၁၃ ရက်တွင် ဘဒ္ဒန္တ ပညာနန္ဒ သီတဂူကြယ်တစ်ပွင့်၊ မေ ၁၄ ရက်တွင် ဘဒ္ဒန္တ ဩဘာသာဘိဝံသ ရွှေမြိုင်ဆရာတော်တို့က ဓမ္မပူဇာဖြင့်ပူဇော်ကြမည်ဖြစ်၍ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အဘိဓဇဆွမ်းစားကျောင်းတော်ကြီးသို့ တရားနာကြွရောက်နိုင်ရန် ဖိတ်ကြားထားသည်။ **(က-ပ)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆(B)၊ မြေကွက်အမှတ် ၁၁၆-ဒီ / ၁-အေ ၊ ဧရိယာ ၀ ဒသမ ၁၃၇ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းတွင်စွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်နှင့် အမှတ် ၃၉(A)၊ တော်ဝင်လမ်း၊ ဒဂုံမြို့နယ်ဟုခေါ်တွင်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စုစု(ခ) ဒေါ်စုကြည်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေ တချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်နေ့မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါမြေကွက်၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း	**ဒေါ်ကြည်ကြည်ရွှေ**
B.A (Law), LL.B	**B.A (Law), LL.B**

တရားရုံးချုပ်ရှေ့နေများ

ရုံး-၆၂၊ပထမထပ်၊	အိမ်-တိုက်(၃၁၅)၊ အခန်း ၆၊
ပန်းဆိုးတန်းလမ်း၊	ရန်အောင်လမ်းသွယ်-၃၊
ကျောက်တံတားမြို့နယ်၊	ရန်ကင်းမြို့နယ်၊
ဖုန်း-၃၇၂၃၀။	ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀-၁၅၂၃၄။







ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ရဲလင်းအောင် ၇/ဒဂန(နိုင်)၀၀၃၉၇၈၏ နိုင်ငံကူးလက်မှတ် အမှတ်(၃၄၁၇၀၄)နှင့် အခွန်စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၇၉၃၈၇။**

စော်ဘွားလေးဗိုလ်ဗိုလ်မောင် ကုမ္ပဏီလီမိတက်မှ

ဘလိပ်စားသွားဆူးကြိုးများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ တပ်ဆင်ပေးနေပါသည်။

ဖုန်း ၀၁ - ၆၄၂၇၄၈၊ ၀၉ - ၉၉ -၂၇၉၅၁၊ ၀၉ - ၅၀၀ - ၈၁၆၁၊ ၀၉ - ၅၁၀ - ၄၄၅၅။

အမည်ပြောင်း

ဦးအောင်အောင်လွင်-ဒေါ်ဝင်းမင်းထွန်းတို့၏သား **အာကာဟိန်း**အား **အာကာဟိန်းလွင်(ခ) ဘိုနိုးလွင်**ဟု ပြောင်းလဲခေါ်ပါရန်။

မြန်မာတို့၏ စာဥယျာဉ်

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

"မောင်းထောင်းဆန်ဖွတ်
စာပေရွတ်
တို့ခေတ်တို့ဆောင်
တို့ဂုဏ်ရောင်
ဂုံလျှော်ကိုလှမ်း တို့လုပ်ငန်း
သင်တန်းအမီ စာကျက်မည်။ ။"

စာရေးသူရောက်ခဲ့သည့် ချောက်မြို့နယ်နှင့် ကျိုက်လတ်မြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ဆောင်ပုဒ်များဖြစ်ပါသည်။

ယနေ့သည် ပညာခေတ်ဖြစ်သည်။ ပညာသည် ယဉ်ကျေးမှုနှင့် နည်းပညာကို ဖြစ်ပေါ်စေသည်။ မြန်မာတို့၏ ဘက်စုံပညာရေးအတွက် ပညာဘဏ်တိုက် စာကြည့်တိုက်သည် ပုဂံအနော်ရထာမင်းလက်ထက်မှ စတင်ခဲ့ပြီး လွန်ခဲ့သော နှစ် ၅၀ မှစ၍ စာကြည့်တိုက်ပညာသင်တန်းများ စနစ်တကျ ဖွင့်လှစ်သင်ကြား နိုင်ခဲ့သည်။

စာပေဗိမာန်အဖွဲ့ ဘာသာပြန်စာပေအသင်းကကြီးမှူး၍ စာကြည့်တိုက်အသင်း(နှစ်ပတ်) သင်တန်းများပို့ချခဲ့ဖူးသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနက ဌာနဝန်ထမ်းများအတွက် စာကြည့်တိုက်(လေးလ)သင်တန်းများ ပို့ချခဲ့ဖူးသည်။ ရန်ကုန်တက္ကသိုလ်က စာကြည့်တိုက် (တစ်နှစ်)သင်တန်းများ ပို့ချခဲ့ဖူးသည်။ ထိုသင်တန်းများမှာ အချိန်တိုသင်တန်း များဖြစ်လေသည်။ ၁၉၇၁ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က စာကြည့်တိုက် ပညာဌာနဖွင့်ကာ အချိန်ပိုင်းကျောင်းသားများပါ တက်ရောက်နိုင်အောင် ဘွဲ့လွန်စာကြည့်တိုက်ပညာ ဒီပလိုမာ(နှစ်နှစ်ခွဲ) သင်တန်းများ ပို့ချပေးခဲ့သည်မှာ ယနေ့ထက်တိုင် ဖြစ်ပါတော့သည်။

ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်း၊ ခရိုင်နှင့် မြို့နယ်တို့တွင် အခြေခံစာကြည့်တိုက် ပညာသင်တန်းများ ယနေ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိနေပါသည်။

မြန်မာစာပေသည် ပုဂံခေတ်မှစ၍ ထွန်းကားတိုးတက်လာခဲ့သည်။ အနော်ရထာမင်းနှင့် ရှင်အရဟံတို့သည် ထေရဝါဒဗုဒ္ဓသာသနာတော် မြန်မာပြည်၌ ပြန့်ပွားနိုင်စေရန် မြန်မာစာပေကို အားပေးခဲ့သည်။

၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့ကကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ပေးပို့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဂုဏ်ပြုသဝဏ်လွှာတွင်–

"ယနေ့ကမ္ဘာကြီးတွင် ပဋိပက္ခမျိုးစုံ၊ ပြစ်မှုမျိုးစုံကျူးလွန်ကြသည်ကို တွေ့ မြင်နေရပါသည်။ ဤဒုစရိုက်တရားများ၏ အရင်းခံမှာ လောဘ၊ ဒေါသ၊ မောဟတရားများ ဖြစ်ပါသည်။ ဤလောဘ၊ ဒေါသ၊ မောဟ တရားများကို ပယ်သတ်ကြရမည်ဖြစ်ပြီး ကမ္ဘာကြီးငြိမ်းချမ်းသာယာရေး အတွက် သည်းခံခြင်း၊ ကြင်နာခြင်း၊ ကိုယ်ကျိုးစွန့်လွှတ်ခြင်း စသည့် စိတ်ကောင်း၊ စေတနာကောင်းများ မွေးမြူကြရမည် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ် တရားလေးပါးသည် လူသားအားလုံးအတွက် ငြိမ်းချမ်းမှုနှင့် သဟဇာတဖြစ်ရေးတို့ကို ပေးစွမ်းနိုင်သည့် အကောင်းဆုံးသော လမ်းညွှန်ချက်များဖြစ်ပါသည်။ ဤလမ်းညွှန်ချက်များသည် ဗုဒ္ဓဘာသာများအတွက်သာမက လူမျိုးဘာသာမခွဲခြားဘဲ လူသားအားလုံးအတွက် ရည်ညွှန်းသည့် တရားများဖြစ်ပါသည်။ ဤတရားများသည် လူသားများအား ဆင်းရဲဒုက္ခအပေါင်းမှ ကယ်တင်နိုင်သည့် လူသားအားလုံး ပျော်ရွှင်စွာနေထိုင်နိုင်မည့် အေးချမ်းသာယာသော ကမ္ဘာကြီးကို တည်ဆောက်နိုင်စေမည်ဖြစ်ပါသည်"

ဟု ဖော်ပြပါရှိခဲ့ပါသည်။

မြန်မာစာပေကို အခြေခံ၍ ဖွင့်လှစ်သော ပညာဘဏ်တိုက် စာကြည့်တိုက်များတွင် အထက်ဖော်ပြပါ ဗြဟ္မစိုရ်တရားများ စီးမျောပါဝင်လျက်ရှိသဖြင့် ကမ္ဘာကြီးကို ကယ်တင်နိုင်သော အခွင့်နှင့်ကြုံနေ၍ ထိုစာကြည့်တိုက်များကို မြန်မာတို့၏ စာဥယျာဉ်အဖွင့်ဟု တင်စားခေါ်ဆိုလိုပါသည်။

၁၈၈၅ခုနှစ်တွင် အထက်မြန်မာနိုင်ငံကိုအင်္ဂလိပ်တို့ သိမ်းပိုက်လိုက်ပြီးနောက် ဘုရင့်စာကြည့် ပိဋကတ်တိုက်များကို သိမ်းယူလိုက်ကြသဖြင့် ပေ၊ ပုရပိုက်၊မှတ်တမ်းများစွာတို့ပျက်စီးဆုံးရှုံးသွားခဲ့ရပါသည်။ သို့ရာတွင် ဘုန်းတော်ကြီး ပိဋကတ်တိုက်များကိုမူ ဖျက်ဆီးသိမ်းယူမှု မပြုလုပ်ဝံ့ကြသဖြင့် ထိုခေတ်၊ထိုအခါက စာပေသင်ကြားရာဌာနဖြစ်သော ဘုန်းတော်ကြီးကျောင်းများ၌ စာကြည့်တိုက်အများအပြား ကျန်ရှိခဲ့ပါသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရ သိမ်းယူပြီးနောက်ပထမဦးဆုံးဖွင့်ခဲ့သော စာကြည့်တိုက်မှာ ဘားနာဒ်စာကြည့်တိုက်ပင်ဖြစ်ပါသည်။ ထိုစာကြည့်တိုက်ကို ၁၈၈၃ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၁၀ပြည့်နှစ်တွင် မြန်မာနိုင်ငံအနှံ့အပြား စာကြည့်ခန်းများ ပေါ်ထွက်လာခဲ့ပါသည်။ ၁၉၂၀ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကြီးကို တည်ထောင်ခဲ့ပါသည်။ ၁၉၂၅ခုနှစ်တွင် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းက စာကြည့်တိုက်များတိုးတက်ထွန်းကားလာရေးအတွက် အားထုတ်ခဲ့သဖြင့် ၁၉၃၀ပြည့်နှစ်တွင် ကျေးရွာစာဖတ်ခန်းအချို့ ပေါ်ထွက်လာခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကို အလူးအလဲခံခဲ့ရသော မြန်မာပြည်ကို ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးနောက် အဘက်ဘက်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသော စာကြည့်တိုက်လုပ်ငန်းများ ထူထောင်ရန် ကြိုးစားခဲ့ကြသဖြင့် စာကြည့်တိုက်အများအပြား ပုံစံအမျိုးမျိုးဖြင့် မြို့ကြီးများတွင် ပေါ်ထွက်လာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးတိုးတက်ဖွံ့ဖြိုးမှုတွင် စာကြည့်တိုက်လုပ်ငန်းသည် များစွာအထောက်အကူပြုပေသည်။ ကျောင်းသား၊ ကျောင်းသူတို့၏ ပညာရေးကို ကျောင်းနှင့် တက္ကသိုလ် ကောလိပ်များက တာဝန်ယူသကဲ့သို့ ကျောင်းမှထွက်ပြီးသော ပြည်သူပြည်သားများအတွက် စာပေဗဟုသုတ ဆက်လက်ရှာမှီးရာတွင် စာကြည့်တိုက်များသည် အရေးကြီးသောကဏ္ဍမှ ပါဝင်ပေသည်။

ပြည်သူများသည် ပြည်သူပြည်သားကောင်းများ ဖြစ်လာစေရန် ပညာဗဟုသုတနှင့် ပြည့်စုံရန် လိုအပ်ပါသည်။ ထို့အတူပင် အားလပ်ချိန်တွင် စိတ်ပျော်ရွှင်မှုအနေဖြင့် စာဖတ်လိုကြသည်။ ဤသည်တို့ကြောင့် ဖတ်ရှုရန်စာအုပ်စာတမ်းများ လိုပေသည်။ ထိုဖတ်ရန်စာများကို မိမိအနေဖြင့် တစ်ဦးချင်းဝယ်မည်ဆိုလျှင် ငွေကုန်သလောက် အရာမရောက်လှပေ။ စာကြည့်တိုက်များရှိပါက ငွေကုန်ကြေးကျသက်သာစွာဖြင့် စာအုပ်များကို ကြိုက်သလောက် ရွေးချယ်ဖတ်ရှုနိုင်ပေမည်။

အထက်ပါအကြောင်းအရပ်များအပြင် ပညာရေးအဟောသိကံဖြစ်မှုကို တားဆီးရန်အတွက်လည်း စာကြည့်တိုက်များ အထူးလိုအပ်ပေသည်။ ပြည်သူအများဖတ်ရန် စာအုပ်စာတမ်းများ ဖြန့်ဖြူးပေးသင့်ပေသည်။ ထိုသို့ ဖြန့်ဖြူးရာ၌ ငွေကုန်အသက်သာဆုံးနှင့် အထိရောက်ဆုံးနည်းမှာ စာကြည့်တိုက် များမှတစ်ဆင့် ဖြန့်ဖြူးခြင်းပင်ဖြစ်သည်ဟူ၍ စာကြည့်တိုက်ကျမ်းများက ဖွင့်ဆိုပါသည်။ လက်ရှိအခြေအနေ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်အများအပြားကို တောရောမြို့ပါ ထူထောင်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် စာကြည့်တိုက်များသည် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။ မျက်မှောက်ခေတ် မြန်မာစာကြည့်တိုက်များကို အမျိုးအစားအားဖြင့် အောက်ပါအတိုင်း ခွဲခြားနိုင်ပေသည်။

၁။ အမျိုးသားစာကြည့်တိုက်

၂။ တက္ကသိုလ်နှင့် ကောလိပ် စာကြည့်တိုက်များ

၃။ ပြည်သူ့ စာကြည့်တိုက်များ

မြန်မာနိုင်ငံ၏ လူဦးရေ၇၀ရာခိုင်နှုန်းနေထိုင်သော ကျေးလက်ဒေသတွင် ကျေးရွာ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းသည် ပညာဘဏ်တိုက်ကြီးများ ဖွင့်လှစ်ပေးခြင်းဖြစ်၍ အသိအလိမ္မာ၊ ဉာဏ်ပညာ တိုးတက်လာပြီး မြန်မာတို့၏ဗြဟ္မစိုရ်တရားများ လေ့လာကျက်စား ပွားများကျင့်သုံးရာ စာဥယျာဉ်ကြီးကို တည်ဆောက်နေခြင်းပင်ဖြစ်။

၄။ အထူး စာကြည့်တိုက်များ

၅။ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ

ဟူ၍ ဖြစ်ပါသည်။

ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို နိုင်ငံတော်၏စွမ်းအား၊ စေတနာရှင်အလှူရှင်များ၏ စွမ်းအား၊ ကျေးလက်နေပြည်သူတို့၏ စွမ်းအား စသည်ဖြင့် အခြေခံစွမ်းအား သုံးရပ်ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက အစွမ်းကုန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုသည် စာကြည့်တိုက်များအပေါ်တွင် တည်မှီလျက်ရှိပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၁၂ရက်နေ့တွင် ကျင်းပသော အမျိုးသားစာပေ ဆုနှင်းသဘင်ပွဲကြီး၌–

"ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်ပေးနေသည့် အချိန်အခါတွင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းရေးကိုသာမက စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားစာပေ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် တကွ ယဉ်ကျေးမှုအနုပညာရပ် နယ်ပယ်ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အားပေးချီးမြှင့် မြှင့်တင်ပေးလျက်ရှိသည်ကို အားလုံး သိမြင်ကြမှာပင် ဖြစ်ကြောင်း"။

"အမျိုးသားယဉ်ကျေးမှု၏ ရေသောက်မြစ်ကြီးသဖွယ်ဖြစ်သည့် အမျိုးသားစာပေ အားကောင်းမောင်းသန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးချီးမြှင့်မှု အစီအမံများကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း"

အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်သူတို့၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ခြောက်သောင်းကျော်ကို ကျေးလက်ဒေသတွင် ဖွင့်လှစ်ပေးရန် ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ထားပါသည်။

စာပေသုတေသီများနှင့် စာအုပ်ဝယ်ယူစုဆောင်း လှူဒါန်းသော အလှူရှင်များအတွက် အခက်အခဲမရှိစေရန် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၆၆ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ၃–၁၂–၂၀၀၄ရက်နေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးပေါ်ရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပခဲ့ပါသည်။

စာအုပ်ဈေးရောင်းပွဲတော်တွင် စာပေတိုက် ၄၈တိုက်က ဆိုင်ခန်းပေါင်း ၇၆ခန်းတွင် သုတ၊ ရသစာအုပ်မျိုးစုံတို့ကို ခင်ကျင်းပြသရောင်းချခဲ့သည်။

ယင်းစာအုပ်ဈေးပွဲတော်ကို ဒီဇင်ဘာလ၃ ရက်နေ့မှ၉ရက်နေ့အထိ နေ့စဉ် နံနက် ၉နာရီမှညနေ၅နာရီအတွင်း စာအုပ်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ရာ အများပြည်သူများ လာရောက်ကြည့်ရှု လေ့လာဝယ်ယူခဲ့ကြသည်။

ပထမနေ့တွင် စာအုပ်ဈေးပွဲတော်သို့ စာပေမြတ်နိုးသူ ရဟန်းရှင်လူ လေးထောင်ကျော်တို့ လာရောက်ကြည့်ရှု လေ့လာဝယ်ယူကြရာ စာအုပ်ရောင်းချငွေ စုစုပေါင်းမှာ ငွေကျပ် ၁၂၆၄၃၀၀ဖြစ်ကြောင်း သိရပါသည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်က ကျင်းပသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက–

"ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးလက်နေ ပြည်သူများ ဗဟုသုတ ပိုမိုကြွယ်ဝစွာ မှန်မှန်ကန်ကန် တွေးခေါ်တတ်အောင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

သို့ဖြစ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ၂၀၀၅–၂၀၀၆ခုနှစ်၌ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များတွင် ဖွင့်လှစ်ရန်ကျန်ရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် အားလုံးဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရန်"

ရှင်းလင်းမှာကြားခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များကလည်း အလှူငွေနှင့် စာအုပ်များကို နေ့စဉ်မပြတ် ပေးပို့လှူဒါန်းလျက်ရှိကြသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များနှင့် ငွေပဒေသာပင်များကို ရန်ကုန်မြို့ အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

၂၀၀၅ ခုနှစ် မေလ ၃ ရက်နေ့ထိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၁၆၅၇၈ တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်း နေထိုင်သော ကျေးလက်ဒေသတွင် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ခြင်းသည် ပညာဘဏ်တိုက်ကြီးများဖွင့်လှစ်ပေးခြင်းဖြစ်၍ အသိ၊ အလိမ္မာ၊ ဉာဏ်ပညာတိုးတက်လာပြီး မြန်မာတို့၏ ဗြဟ္မစိုရ်တရားများ လေ့လာကျက်စား ပွားများကျင့်သုံးရာ စာဥယျာဉ်ကြီးကို တည်ဆောက်နေခြင်းပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အကယ်ဒမီပြုံးချိုကြီး ဇာတ်ကားသစ် သုံးရုံအပြိုင်ရုံတင်

ရုပ်ရှင် သတင်းထောက်

ရန်ကုန် မေ ၁၁

ယခုအပတ် ရုပ်ရှင်ကဏ္ဍတွင် အကယ်ဒမီပြုံးချိုကြီး မြန်မာဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် တစ်ပြိုင်တည်း ရုံဝင်လာပြီး ပြသဆဲဇာတ်ကားများ ဆက်လက်ပြသလျက်ရှိသည်။

အကယ်ဒမီပြုံးချိုကြီးတွင် သရုပ်ဆောင်မိုးဒီ၊ မော့စ်၊ မင်းသူ၊ ဆုပန်ထွာ၊ ပပဝင်းခင်နှင့် ကလေး သရုပ်ဆောင် ဆုမေတို့ အားဖြည့်ပါဝင်ထားသည်။

'လျှို့ဝှက်သောနှင်း' ဇာတ်ကားမှ လူမင်းနှင့် လွင်မိုး။

လူ့ဘဝတွင် အတက်အကျ၊ အနိမ့်အမြင့်၊ ဆင်းရဲချမ်းသာတို့ အမြဲဒွန်တွဲလျက် ရှိနေကြမြဲဖြစ်သည်။

ဤဇာတ်ကားတွင် အနုပညာရှင်တစ်ဦး၏ ပင်ကိုဗီဇအခြေပြုပြီး ဖွဲ့လုံ့လစိုက်ထုတ်လိုက်၍ အောင်မြင်ကျော်ကြားလာချိန်၊ မထောင်လွှား သင့်သောမာန်မာနနှင့် မူးယစ်သောက်စားမှု အပါအဝင် လောင်းကစားပါ ဖက်လာသောအခါ မိမိကိုယ် မိမိ မထိန်းသိမ်းနိုင်ဘဲ စောစီးစွာ ပျက်စီးဆုံးရှုံးရပုံကို **အကယ်ဒမီပြုံးချိုကြီး**က အတုယူ မမှားအောင် ဘဝသင်ခန်းစာပေးအဖြစ် ဖော်ကျုးရိုက်ကူးထားသည်။

'အကယ်ဒမီပြုံးချိုကြီး' ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

'ကာရန်အလွဲ' ဇာတ်ကားမှ ဒွေးနှင့် နန္ဒာလှိုင် သရုပ်ဆောင်ဟန်။

အကယ်ဒမီ စင်ရော်မောင်မောင် ရိုက်ကူးသော **လျှို့ဝှက်သောနှင်း** ဇာတ်ကား နဝဒေး၊ မဟာမြိုင်၊ ရှေ့ဆောင်နှင့် နေပြည်တော်ရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

ပုညခင်၏ ဝတ္ထုကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ် ရိုက်ကူးပြီး ဒွေး၊ ဇာဂနာ၊ စိုးမြတ်သူဇာ၊ နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားသည့် **ကာရန်အလွဲ** ဟာသဇာတ်မြူးကား ရွှေဂုန်အဆင့်မြင့်ရုံ မြေညီထပ်တွင် မေ ၁၃ရက်တွင် ရုံဝင်မည်ဖြစ်သည်။

ရွှေဂုန်အဆင့်မြင့်ရုံ အပေါ်ထပ်တွင် ဒါရိုက်တာ Watter Hillရိုက်ကူးပြီး Bruce Willis, Bruce Dern နှင့် William Sandersonတို့ ပါဝင်ထားသော 'Last Man Standing' အက်ရှင်ဇာတ်ကား ယခုသောကြာနေ့ ရုံဝင်လာမည်ဖြစ်သည်။ မြို့မရုံတွင် အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကားသစ် 'Pyaasa'သုံးပွင့်ဆိုင် အချစ်ဇာတ်ကား မေ ၁၃ ရက်တွင် ရုံဝင်လာမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

နွေရာသီ အသုံးလုံးသင်တန်းများဖွင့်ပွဲ မိုင်းဖြတ်မြို့နယ်တွင် ကျင်းပ

မိုင်းဖြတ် မေ ၆

မိုင်းဖြတ်မြို့နယ် ဝမ်ဖိုင်ရပ်ကွက်တွင် နွေရာသီအသုံးလုံးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါ ရပ်ကွက်ဘုန်းတော်ကြီး ကျောင်းတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးနိုင်ဝင်းဇော် တက်ရောက်အဖွင့် အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးနန်ဖတ်နွဲ့က သင်တန်းဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အလားတူ အသုံးလုံးသင်တန်းကို ည ၇ နာရီတွင် ဈေးတန်းရပ်ကွက်ရုံး၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌဦးရှုန်နွဲ့က သင်တန်းဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၈၇)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် မေ ၁၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံနှင့် ရေနံဓာတုဗေဒ ပစ္စည်းများသယ်ယူပို့ဆောင်ရေးဌာနမှ စက်ခန်းမှူး (ပ)လုပ်မှုထူးချွန်ပထမဆင့် ဦးမောင်မောင်အေး **(ယာပုံ)**သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် မေ ၈ရက်က (၈၇) ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အသံ

၁၃-၅-၂၀၀၅

(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၇:၃၀ မေတို့ရေးရာသိမှတ်စရာ (အမှတ်-၂ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းနုရွှေ၏ ကျန်းမာဘဝနေတတ်မှ)

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ပင်လယ်လိပ်မျိုးထိန်းသိမ်းခြင်း)

၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ပါ)

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ကြင်နာမှုအမှတ်တရ)

ညနေပိုင်း

၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈:၁၅ ကျေးလက်ဇာတ်လမ်း (ရှောင်သင့်တာရှောင်)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ခါးမကိုင်းနားမထိုင်းရအောင်) (မောင်ဆုရှင်)

မြန်မာနှစ်ဦးအကြို စာပေဟောပြောပွဲ ဓနုဖြူမြို့နယ်၌ ကျင်းပ

ဓနုဖြူ မေ ၂

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး မြန်မာနှစ်ဦးအကြိုစာပေဟောပြောပွဲကို ဧပြီ၂၄ရက်က ဓနုဖြူမြို့ မိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ(ဓနုဖြူ သန်းဆွေသစ်)တို့က အမှာစကားပြောကြားပြီး စာရေးဆရာဒါရိုက်တာ အကယ်ဒမီ မောင်ဝဏ္ဏ၊ အမျိုးသားစာပေဆုရမောင်ဆုရှင်**(အပေါ်ပုံ)**နှင့် အမျိုးသား စာပေဆုရ လယ်တွင်းသားစောချစ်တို့က ဟောပြောကြသည်။

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင့်လွင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်လှလှစိန်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးနိုင်ဝင်းတို့က စာရေးဆရာကြီးများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

(၀၈၅)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၁၆-၅-၂၀၀၅ (တနင်္လာနေ့)

- ❑ An Introduction to Philosophy of Religion
  - ယင်းဘာသာရပ်၏ အခြေခံအချက်များကို စိတ်ဝင်စားသူများ
- ❑ Client Centered Psychotherapy
  - မဟာဝိဇ္ဇာတန်းနှင့် စိတ်ပညာမဟာသိပ္ပံ၊ (စိတ်ကျန်းမာပညာ) သင်တန်းများ

၁၇-၅-၂၀၀၅ (အင်္ဂါနေ့)

- ❑ Systems of Ordinary Differential Equations
  - မဟာသိပ္ပံပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများ
- ❑ The Diversity of Life on Earth
  - မဟာသိပ္ပံဒုတိယနှစ်(သတ္တဗေဒနှင့် Environmental Studies)

၁၈-၅-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

- ❑ Elemental Analysis using EDXRF
  - မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြို သင်တန်း
- ❑ Computer Aided Teaching For Nuclear Physics
  - မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြို သင်တန်း

၁၉-၅-၂၀၀၅ (ကြာသပတေးနေ့)

- ❑ ပုဂံခေတ်ကျောက်စာ အဆောက်အအုံ(၅)ခုအနက် 'နန်းဘုရား' အကြောင်း
  - ရှေးဟောင်းသုတေသန ပညာအထူးပြုနှင့် စိတ်ဝင်စားသူများ
- ❑ Some Well-Known Name Reactions For Organic Synthesis
  - မဟာသိပ္ပံနှင့် ပါရဂူဘွဲ့ကြိုသင်တန်းများ

၂၀-၅-၂၀၀၅ (သောကြာနေ့)

- ❑ An Introduction to Educational Psychology
  - ဘီအီးဒီ(ပ-နှစ်စာပေးစာယူ ကျောင်းသား၊ ကျောင်းသူများ)
- ❑ Validity & Reliability
  - ဘီအီးဒီ(ဒုတိယနှစ်စာပေးစာယူ ကျောင်းသား၊ ကျောင်းသူများ)

နံနက် ၉:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ

၂၁-၅-၂၀၀၅ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၂၂-၅-၂၀၀၅ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ဧပြီ ၂၀ရက်က မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ချင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ရွှေမြင်တင်ရေကျော် မြေယာရှုခင်းအလှအား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မိုင်းနောင်ဒေသခံများ ဘယ်တော့မှ ပြည်ထောင်စုကခွဲထွက်မှာ မဟုတ်သလို ခွဲထွက်ဖို့ ကြိုးပမ်းလာသူကိုလဲ လက်ပိုက်ကြည့်နေမှာမဟုတ် ပြည်ထောင်စုဖြိုခွဲသူ ဒို့ရန်သူလို့ ကြွေးကြော်ပြီး ချေမှုန်းသွားမည်

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ ဒေသခံ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဒေါ်နန်းမီးက ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၁

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၀ ရက် နံနက် ၈နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဒေါ်နန်းမီးက "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို အောက်ပါအတိုင်း ထောက်ခံဆွေးနွေးသွားသည်။

နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှု အပေါင်းလက္ခဏာတွေ ထပ်ဆင့်ဖြစ်ထွန်းလာလို့ တိုင်းရင်းသားတွေ ပျော်တပြုံးပြုံး ပီတိဖုံးနေချိန်မှာ သခွတ်ပင်က မီးတကျည်ကျည်ဆိုသလို အဖျက်သမားပုဆိန်ရိုးတွေက နှောင့်ယှက်လာနေတာ တွေ့ရပါတယ်။

လေးစားအပ်ပါသော သဘာပတိကြီးရှင့်–

ကျွန်မကတော့ မိုင်းနောင်မြို့ ရပ်ကွက်(၁)မှ ဒေါ်နန်းမီး ဖြစ်ပါတယ်။ အဆိုရှင် ဦးစိုင်းထောက် တင်သွင်းသွားတဲ့ "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသား သွေးချင်းသားချင်းများနဲ့ နှစ်ပေါင်းထောင်ချီပြီး ဥမကွဲသိုက်မပျက် ချစ်ချစ်ခင်ခင် အတူယှဉ်တွဲနေထိုင်လာခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

တိုင်းကျိုးပြည်ပြုသမားများက ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင် တိုင်းဆူပြည်ဖျက် အကြမ်းဖက်သမားများက ပြည်ထောင်စုကြီး ပြိုကွဲအောင်လုပ်နေ ပြည်သူလူထုက အပြုသဘောကိုပဲကြိုဆို၊ အဖျက်သမားကို ချေမှုန်းဖို့ သန္နိဋ္ဌာန်ချထား

ရန်ကုန် မေ ၁၁

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၀ ရက် နံနက် ၈နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ မိုင်းနောင်မြို့ ရပ်ကွက်(၃)မှ ဦးစိုင်းမိုးကျော်သူက "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို အောက်ပါအတိုင်း ထောက်ခံဆွေးနွေးသွားသည်။

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ ဒေသခံ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို မိုင်းနောင်မြို့ ရပ်ကွက်(၃)မှ ဦးစိုင်းမိုးကျော်သူက ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား–

ကျွန်တော်ကတော့ မိုင်းနောင်မြို့ ရပ်ကွက် (၃)မှ ဦးစိုင်းမိုးကျော်သူ ဖြစ်ပါတယ်။ အဆိုရှင် ဦးစိုင်းထောက် တင်သွင်းသွားတဲ့ "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ *စာမျက်နှာ ၁၁ ကော်လံ ၃* ■

ပြည်ထောင်စုကို ဖြိုခွဲနေတဲ့၊ အချုပ်အခြာအာဏာလက်လွတ်ဆုံးရှုံးအောင်လုပ်နေတဲ့ အမျိုးသားသစ္စာဖောက် ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတွေလို ပုဆိန်ရိုးတွေကို ထောက်ခံသူတစ်ဦးတစ်ယောက်မျှ မရှိပါဘူး။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး